# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၄၅)၊ ၁၃၈၇ ခုနှစ် ၊ ပြာသိုလပြည့်ကျော် ၁၁ ရက် ၊ ၁၂-၁-၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ကျင်းပပြုလုပ်စဉ် အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားအုပ်စုက အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်

### နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် ရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် ဇန်နဝါရီ ၁၂

နိုင်ငံတော်အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကိုတည်ဆောက်၍နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်နိုင်ရေးအတွက် အဓိကကျသည့် လုပ်ငန်းစဉ်ဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် အပိုင်းလိုက် ကျင်းပဆောင်ရွက်ပေးလျက်ရှိရာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

#### နှောင့်ယှက်တိုက်ခိုက်

ထိုသို့ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပသည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီးလိုသူများ၊ အစိုးရနှင့် ပြည်သူတို့၏ လက်တွဲညီစွာ ကြိုးပမ်းဆောင်ရွက်မှုများကို မလိုလားဘဲ ပြည်သူလူထု၏ လူမှုစီးပွားဘဝကို ပျက်စီးစေပြီး ရွေးကောက်ပွဲအထမမြောက်စေလိုသူ အကြမ်းဖက်သမားများက အေးချမ်းစွာ ဆန္ဒမဲပေးမှုများ ဆောင်ရွက်နေကြသည့် မဲဆန္ဒရှင်ပြည်သူများ အထိတ်တလန့်ဖြစ်စေရေးအတွက် နှောင့်ယှက်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့ကြသည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကျင်းပသည့် ဇန်နဝါရီ ၁၁ ရက်တွင်

စာမျက်နှာ ၄ သို့



စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ ဇန်နဝါရီ ၁၁ ရက်က မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲများပေးခဲ့ကြစဉ်။

## ပြည်ပထွက်ခွာခွင့်နှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ PJ နိုင်ငံကူးလက်မှတ်ဖြင့် ပြည်ပသို့ ထွက်ခွာမည့် မိမိအစီအစဉ် ကျွမ်းကျင်မြန်မာလုပ်သားများအား အသိပေးခြင်းကြေညာချက်ကို ၂၈-၃-၂၀၂၅ ရက်နေ့ထုတ်မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ အေဂျင်စီအစီအစဉ်ဖြင့်ဖြစ်စေ၊ မိမိအစီအစဉ်ဖြင့်ဖြစ်စေ နိုင်ငံအလိုက် စေလွှတ်ရေးလုပ်ငန်းစဉ် SOP များကို ၂၂-၃-၂၀၂၅ ရက်နေ့မှ ၂၈-၃-၂၀၂၅ ရက်နေ့အထိ နိုင်ငံပိုင်သတင်းစာများတွင်လည်းကောင်း၊ ဝန်ကြီးဌာန၏ Facebook Page၊ Safe Migration Facebook Page နှင့် Safe Migration Telegram Channel တို့တွင်လည်းကောင်း အများပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရေး အသိပေးကြေညာချက်တွင် ပြည်ပထွက်ခွာခွင့်နှင့်ပတ်သက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အနည်းဆုံး ရုံးပိတ်ရက် (မပါ) ၅ ရက် ကြိုတင်၍ လျှောက်ထားရမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

၂။ ၎င်းကြေညာချက်နှင့်အညီ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အနေဖြင့် အေဂျင်စီ အစီအစဉ်ဖြင့်ဖြစ်စေ၊ မိမိအစီအစဉ်ဖြင့် ကျွမ်းကျင်/ခွင့်ပြန်ဖြင့်ဖြစ်စေ OWIC ပြုလုပ်ခွင့်များနှင့် ပြည်ပထွက်ခွာခွင့်များကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။

၃။ သို့ရာတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ပေးပို့လာသည့် စာရင်းများအရ မိမိအစီအစဉ်ဖြင့် ခွင့်ပြန် OWIC လက်ဝယ်ရှိပြီးသူများသည် အပိုဒ် ၁ ပါအချက်များကို လိုက်နာခြင်းမရှိသည့်အပြင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်းမရှိဘဲ ပြည်ပသို့ ထွက်ခွာနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၄။ ပြည်ပထွက်ခွာခွင့်များနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဝန်ကြီးဌာန၏ Website ဖြစ်သည့် www.mol.gov.mm၊ Safe Migration Facebook Page နှင့် Safe Migration Telegram Channel တို့တွင် ကြေညာထားရှိပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ OWIC လက်ဝယ်ကိုင်ဆောင်ထားသူများအနေဖြင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာမည်ဆိုပါက ၁၄-၁-၂၀၂၆ ရက်နေ့မှ စတင်၍ သတ်မှတ်စည်းကမ်းများနှင့်အညီ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှသာ ပြည်ပသို့ပြန်လည်ထွက်ခွာရန် လိုအပ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်

နေပြည်တော် ဇန်နဝါရီ ၁၂

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီ ၁၂ ရက် ၊ အင်္ဂါနေ့ ။
မန္တလေး

## အသေးစား၊ အငယ်စား၊ အလတ်စား(MSME) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိ

နိုင်ငံ့စီးပွားကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသော ကုန်ထုတ်စွမ်းအားစုများကို ဦးစားပေးမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်နယ်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားလိုအပ်သည်များကို ပေါင်းစပ်ပေးနိုင်ရန်အတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဦးတည်ချက်(၄)ရပ်တွင် ပထမအချက်ဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် ရွေးကောက်ပွဲအတွက် ဒီဇင်ဘာ ၂၈ ရက်က ရွေးကောက်ပွဲအပိုင်း(၁)ကို အောင်မြင်စွာ ကျင်းပပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၂)ကို ဇန်နဝါရီ ၁၁ ရက်တွင်ကျင်းပခဲ့ပြီး ရွေးကောက်ပွဲအပိုင်း(၃)ကို ဇန်နဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြီးလုပ်မှသာ ပြည်သူများက ရွေးချယ်တင်မြှောက်သည့် ရွေးကောက်ခံကိုယ်စားလှယ်များနှင့် အစိုးရသစ်ဖြင့် နိုင်ငံတော်တာဝန်များကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသေးစား၊ အငယ်စား၊ အလတ်စား(MSME)လုပ်ငန်းများ ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးကဏ္ဍများ အောင်မြင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်လုပ်နိုင်ရန်အတွက် လျှပ်စစ်မီးသည် အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အားကို ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအား၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့များမှ ထုတ်လုပ်ကြပါကြောင်း၊ ရေအားလျှပ်စစ်သည် ကုန်ကျစရိတ်အသက်သာဆုံးဖြစ်ပြီး ကချင်ပြည်နယ်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် မေခ၊ မလိခမြစ်နှစ်ခုမှ ပေါင်းစည်းပေးသည့် ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းကို ပြန်လည်သုံးသပ် ဆွေးနွေးအကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁)ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ဒေသတစ်ခု ထုတ်ကုန်တစ်ခုဖြစ်သည့် (One Region One Product)ကုန်ထုတ်လုပ်ငန်းများတွင် ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြုပြီး အသေးစား၊ အငယ်စား၊ အလတ်စား (MSME)လုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဌာနများက လိုအပ်သော အရင်းအနှီး၊ နည်းပညာများကို ဖြည့်စွက်ပံ့ပိုးပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။
၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။
၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## ဇမ္ဗူသီရိမြို့နယ်၊ ဂုဏ်မင်းအင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ဇမ္ဗူသီရိ ဇန်နဝါရီ ၁၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင် ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဂုဏ်မင်းအင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်နှင့် အင်ဂျင်နီယာများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ တာဝန်ယူဆောင်ရွက်သည့် ဆဝါဒူးဒူးကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ဂုဏ်မင်းအင်းကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကုန်ထုတ်လမ်း အမှတ်(၄) ရိစာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဂုဏ်မင်းအင်းကျေးရွာ၌ လမ်းအရှည် ၃ ဒသမ ၀၉၁ ဖာလုံအား အကျယ် ၁၁ ပေ၊ ထု ၉ လက်မ ရိစာခင်းခြင်း ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းကို ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၁၇ ဒသမ ၂၄၀ သိန်း အသုံးပြုပြီး တင်ဒါအောင်မြင်သည့် ဆဝါဒူးဒူးကုမ္ပဏီမှတာဝန်ယူ၍ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လမှ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကျေးရွာ၌ ဆောင်ရွက်နေသည့် ကုန်ထုတ်လမ်း ရာနှုန်းပြည့်ဖောက်လုပ်ပြီးစီးပါက ကျေးရွာနေ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ လွယ်လင့်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်၍ ကျေးလက်လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။ (၄၄၅)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ ၈၈ လမ်း၊ ၂၂ လမ်းနှင့် ၂၃ လမ်းကြားနှင့် မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ၆၉ လမ်း၊ ၃၅ လမ်းနှင့် ၃၆ လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။




သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဇန်နဝါရီ ၁၃ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ ၁၉ လမ်း၊ လမ်း ၆၀နှင့် ၆၁ လမ်းကြား၊ နန်းရှေ့ဘောလုံးကွင်းအနီးနှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ ၁၁၁လမ်း၊ ၆၄ လမ်းနှင့် ၆၅ လမ်းကြားတို့တွင်လည်းကောင်း၊ ဇန်နဝါရီ ၁၄ရက်တွင် အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ ၈၃ လမ်း၊ ၁၄ လမ်းနှင့် ၁၅ လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁ လမ်း၊ ၅၂ လမ်းနှင့် ၅၃လမ်းကြားတို့တွင်လည်းကောင်း၊ ဇန်နဝါရီ ၁၅ ရက်တွင် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ ရွာလယ်လမ်းမကြီးတွင်လည်းကောင်း၊ ဇန်နဝါရီ ၁၆ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၆ လမ်း၊ ၁၀ လမ်းနှင့် ၁၁ လမ်းကြားနှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ကေကွက် ဟက်တာကွက်အလိုက် စက်ဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်းဆွတ်ခူးသိမ်းဆည်းရန် ဝါသီးနှံမျိုးနှင့်စိုက်စနစ်နည်းပညာများ စမ်းသပ်

နေပြည်တော် ဇန်နဝါရီ ၁၂
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ပျဉ်းမနားရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းဝင်းအတွင်း မျိုးယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားသည့် ချည်မျှင်ရှည်ဝါစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စမ်းသပ်စိုက်ပျိုးထားသည့် KTK-1၊ ငွေချည်-၁၁၊ RAKA-666၊ ရွှေတောင်-၈၊ B-31 မျိုးများ ယှဉ်ပြိုင်စိုက်ပျိုးထားမှုအပေါ် ဆောင်ရွက်ရသည့်ရည်ရွယ်ချက်များ၊ အပင်သက်တမ်းအလိုက် အပင်ကြီးထွားမှုရပ်တန့်ဆေး၊ သီးပွင့်ဆေးနှင့် ရွက်ချဆေးသုံးစွဲခဲ့မှု၊ ဝါသီးပွင့်မှုနှင့် ဝါဂွမ်း ခန့်မှန်းအထွက်နှုန်းတို့ကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ အပင်ပြုစုစောင့်ရှောက်ရမှုနှင့် သွင်းအားစုစရိတ်သည် တောင်သူတွက်ခြေကိုက်သည့် အထွက်နှုန်းရလဒ်များရှိရန်လိုကြောင်း၊ ယခုနည်းပညာအရ သတ်မှတ်ကာလအတွင်း ဝါများအား တစ်ပြိုင်နက်တည်း စွမ်းအားပြည့်ဆွတ်ခူးသိမ်းဆည်းနိုင်မည်ဖြစ်၍ နောက်သီးနှံကို ရာသီချိန်မီ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ရေရှည်တွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲအသုံးပြုရာ၌ ဝါသီးနှံကို ကေကွက် ဟက်တာကွက်အလိုက် စက်ဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဆွတ်ခူး သိမ်းဆည်းရန် လိုအပ်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နည်းပညာအရ သေချာမှုရှိစေရန် ပညာရှင်များအပိုင်းက ထပ်မံစမ်းသပ်ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယခင်က ချည်မျှင်ရှည်ဝါစိုက်ပျိုးရာတွင် ပင်ခြားနှစ်ပေခွဲ၊ တန်းကြား သုံးပေဖြင့် စိုက်ပျိုးခဲ့ကြခြင်းဖြစ်ပြီး ယခုစမ်းသပ်စိုက်ပျိုးမှုတွင် ပင်ခြား ခြောက်လက်မ၊ တန်းကြား နှစ်ပေဖြင့် စိုက်ပျိုးထားခြင်းကြောင့် တစ်ကေဝင်ဆံ့သည့်အပင်ဦးရေ တိုးတက်စိုက်ပျိုးနိုင်ခြင်း၊ အပင်အရပ်ကိုထိန်းချုပ်၍ အသီးအပွင့်တစ်ပြိုင်တည်း သီးပွင့်စေခြင်းကြောင့် စက်ကိရိယာဖြင့် ဆွတ်ခူးသိမ်းဆည်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်၍ ယခုနည်းပညာကို ပြည်တွင်း ချည်မျှင်ရှည်ဝါမျိုးနှင့် ပြည်ပ ချည်မျှင်ရှည်ဝါစပ်မျိုးများအပေါ် သက်ရောက်မှုကို စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ ပညာရှင်များက စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၆ ခုနှစ် တောင်သူလယ်သမားနေ့အထိမ်းအမှတ် စိုက်ပျိုးသီးနှံမျိုးစေ့ပြပွဲကျင်းပမည့် စိုက်ကွင်းများနှင့် သီးနှံခင်းများ မြေပြင်၌ ကြိုတင်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဝါကြိတ်စက်ရုံ(ရမည်းသင်း) စက်ရုံလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၁၂
စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ ဝါကြိတ်စက်ရုံ (ရမည်းသင်း) သို့ရောက်ရှိရာ စက်ရုံမှူးက စက်ရုံဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ဝါစိုက်တောင်သူများအနေဖြင့် ထွက်ရှိသည့်ဝါများကို ကုန်ကြမ်းအဖြစ် တိုက်ရိုက်ရောင်းချခြင်းထက် တစ်နိုင်တစ်ပိုင် ကြိတ်ခွဲထုတ်လုပ်ခြင်းဖြင့် ဝင်ငွေပိုမိုတိုးတက်ရရှိနိုင်ရေး ပိုင်းဝန်းပူးပေါင်းဆောင်ရွက် ပေးကြရမည်ဖြစ်ကြောင်း၊ တောင်သူတစ်ဦးချင်း တစ်ပိုင်တစ်နိုင်ဆောင်ရွက်ရာမှ MSME များ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသတွင်း ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်၍ လုပ်ငန်းတာဝန်များကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝါမှသည် ဝါဂွမ်း၊ ချည်၊ ပိတ်၊ အဝတ်အထည်ထုတ်လုပ်သည့်လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်လျှင် ပြည်တွင်းအဝတ်အထည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ကျရာကဏ္ဍမှ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စက်ရုံရှိ ဝါကြိတ်စက်များအားလုံး စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် လိုအပ်သော စက်အရန်ပစ္စည်းများကို ကြိုတင်ဖြည့်ဆည်းထားရမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီး မရရှိသည့်ဒေသများတွင် Solar PV System ဖြင့် ဝါကြိတ်စက်များ၊ ဆီစက်များ လည်ပတ်ကြိတ်ခွဲနိုင်ကြောင်းနှင့် စက်တပ်ဆင်နည်းစနစ်များကို ပြည်သူများသိရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားပြီး ကြိတ်လုံး နှစ်လုံးတပ် ဝါကြိတ်စက်အား နေရောင်ခြည်စွမ်းအင်ဖြင့် လည်ပတ်ကြိတ်ခွဲနေမှု၊ ကြိတ်လုံး နှစ်လုံးတပ် ဝါကြိတ်စက်အား ပြုပြင်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်စောဝင်း အာရှငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၂
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်စောဝင်းသည် အာရှငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကောင်စီ (Asian Peace and Reconciliation Council – APRC) ဥက္ကဋ္ဌ H.E. Prof. Dr. Surakiart Sathirathai နှင့် အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ သံတမန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အာရှငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကောင်စီဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)နှင့် အပိုင်း(၂)ကို လွတ်လပ်တရားမျှတစွာ အောင်မြင်အောင် ကျင်းပနိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပမှုအပေါ် ထောက်ခံပါကြောင်း၊ ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း(၃) ကျင်းပရာတွင်လည်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ဖွဲ့စည်း တာဝန်ပေးလေ့လာကြည့်ရှုစေပြီး ရွေးကောက်ပွဲဆိုင်ရာ တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များကိုလည်း တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားပြီး ၂၀၂၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်တွင်လည်းကောင်း၊ ရွေးကောက်ပွဲ အပိုင်း(၂)ကို ၁၁-၁-၂၀၂၆ ရက်တွင်လည်းကောင်း ဥပဒေနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ လွတ်လပ်မျှတစွာ ကျင်းပနိုင်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတကာနှင့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များကို ဖိတ်ခေါ်၍ စောင့်ကြည့် လေ့လာခွင့်ပြုခဲ့သည့်အခြေအနေများ၊ ပြည်တွင်း/ပြည်ပသတင်းမီဒီယာများကို ပွင့်လင်းမြင်သာစွာ သတင်းရယူနိုင်ရေး ဆောင်ရွက်ပေးခဲ့မှု အခြေအနေများ၊ ကျင်းပပြီးသည့် အပိုင်းလိုက် ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးမှုအခြေအနေများ၊ မဲပေးရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine) အသုံးပြုခဲ့မှုအခြေအနေများ၊ ပြည်တွင်း/ပြည်ပ ကြိုတင်မဲပေးမှုအခြေအနေများ၊ ပြောင်းလဲကျင့်သုံးသည့် ရွေးကောက်ပွဲစနစ်ဆိုင်ရာအကြောင်းအရာများ၊ ဆက်လက်ပြီး ရွေးကောက်ပွဲ အပိုင်း(၃)ကို အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး APRC ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း(၃)ကို လာရောက်လေ့လာရန် ဖိတ်ကြားခဲ့သည်။



ယင်းနောက် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၃)ကို အောင်မြင်စွာ ဆက်လက်ကျင်းပနိုင်ရေး၊ APRC နှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၂
ဇန်နဝါရီ ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။
ဇန်နဝါရီ ၁၃ ရက်တွင် နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။ မိုး/ဇလ

# စစ်တွေမြို့၌ တိုင်းရင်းသားလူငယ်များအတွက် အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်ပွဲနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ ဇန်နဝါရီ ၁၂**

တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် တိုင်းရင်းသားလူငယ်များအတွက် အဆင့်မြင့် စက်ချုပ်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး အဆင့်မြင့် စက်ချုပ်သင်တန်းအတွက် ချီးမြှင့်ငွေနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ကာ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။(ယာပုံ)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့တည်နှစ်(၂၀၀)ပြည့် အထိမ်းအမှတ်နာရီစင်တွင် အများပြည်သူများ လာရောက်ကြည့်ရှုလေ့လာနိုင်ရန် စစ်တွေမြို့၏ ရှေးဟောင်းဘုရားစေတီများ၊ အထင်ကရနေရာများ ပြသထားရှိမှုနှင့် ကျောင်းသားကျောင်းသူများ၊ သင်တန်းသားသင်တန်းသူများ လာရောက်လေ့လာနေမှုကို ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက်ပြည်နယ်ပညာရေးမှူးက တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် မြင့်မားရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်ကြသည့် မြို့နယ်ပညာရေးမှူးများက တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကိုလည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ)များမှ ဆရာ ဆရာမများက မိမိတို့ကျောင်းအလိုက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် သင်ကြားပို့ချပေးနေမှုများကိုလည်းကောင်း၊ စစ်တွေ တက္ကသိုလ်မှ ပါမောက္ခ၊ ဌာနမှူးများက တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရာတွင်ကျောင်းသားကျောင်းသူများ လိုက်နာရမည့်အချက်များ၊ သင်ကြားပို့ချပေးမည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးကာ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**တင်ထွန်း**

(ပြန်/ဆက်)



---

❑ ရှေ့ဖုံးမှ

ဆန္ဒမဲပေးနေကြသည့် မဲဆန္ဒရှင်ပြည်သူများ သေဆုံး၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေပြီး ရွေးကောက်ပွဲ အထမမြောက်စေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားအုပ်စုသည် ကယားပြည်နယ် ဖရူဆိုမြို့အတွင်းသို့ Drone များ အသုံးပြု၍ Drop Bomb ချတိုက်ခိုက်ခြင်း၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကမ်းကြီးအုပ်စု တောင်သုံးလုံးကျေးရွာ၏ ကျေးရွာအုပ်ချုပ်ရေးမှူး နေအိမ်အား မီးရှို့ဖျက်ဆီးခြင်း၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၊ ဆိပ်ဖြူမြို့၊ စလင်းမြို့နှင့် ကံမမြို့များ အတွင်းသို့ Fixed Wing များ၊ ရှော့တိုက်ဒုံးများ၊ Drop Bomb များ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ ဘုတလင်မြို့နှင့် မြင်းမူမြို့များအတွင်းသို့ လက်လုပ်ရှော့တိုက်ဒုံးများ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့အတွင်းသို့ Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ကြသဖြင့် သစ္စာရှိ နိုင်ငံ့ဝန်ထမ်း နှစ်ဦး သေဆုံးခဲ့ပြီး ဝန်ထမ်း နှစ်ဦးနှင့် အပြစ်မဲ့အရပ်သားပြည်သူ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုများအနေဖြင့် ပြည်သူလူထုက လိုလားတောင့်တနေသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဦးတည်သည့်လမ်းကြောင်းဖြစ်သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်မှုမရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုမရှိစေရေး၊ အစိုးရနှင့်ပြည်သူလက်တွဲ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့တွင် နှောင့်နှေးစေရေးနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ထိခိုက်ပျက်စီးစေရန်အတွက် ရွေးကောက်ပွဲအကြိုကာလများမှစတင်၍ အသံမိုင်းများ၊ လက်လုပ်မိုင်းများနှင့် Drop Bomb များဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်စာများပေးပို့ခြင်း၊ ပြည်ဖျက်ပြည်ပြေးမီဒီယာများမှတစ်ဆင့် မမှန်မကန်ဝါဒဖြန့်လုပ်ကြံရေးသားဖြန့်ဝေခြင်း စသည်ဖြင့် နည်းမျိုးစုံဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသော်လည်း ပြည်သူလူထုဘဝတည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အစိုးရနှင့်ပြည်သူ လက်တွဲ၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင်လည်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)နှင့် အပိုင်း(၂)ကို နှောင့်ယှက်ဖျက်ဆီးမှုများအကြားမှ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ပြီး သိမ်မွေ့သောနည်းလမ်းဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် ဒီမိုကရေစီစနစ်ကို ထောက်ခံကြိုဆိုကြသည့်၊ နိုင်ငံတော်အေးချမ်းသာယာမှုနှင့် ပြည်သူလူထု၏ လူမှုဘဝတိုးတက်မြင့်မားမှုကို လိုလားကြသည့် တာဝန်သိပြည်သူများအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများ၊ သံသယဖြစ်ဖွယ်ရာများကိုတွေ့ရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်သတင်းပေးပို့နိုင်ပါရန် တိုက်တွန်းသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ Drone တစ်စင်းဖြင့် Drop Bomb ချတိုက်ခိုက်စဉ် ပျက်စီးမှုအား တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုက မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့အနီးဝန်းကျင်သို့ ရှော့တိုက်ဒုံး သုံးလုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့စဉ် ကျရောက်ပေါက်ကွဲသည့်နေရာနှင့် လက်လုပ်ဒုံး အပိုင်းအစအား တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုက မကွေးတိုင်းဒေသကြီး စလင်းမြို့အနီးဝန်းကျင်သို့ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လက်လုပ် Fixed Wing Drone တစ်စင်းအား တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့အနီးဝန်းကျင်သို့ Drone တစ်စင်းဖြင့် Drop Bomb ချတိုက်ခိုက်ရန်ချဉ်းကပ်လာစဉ် ပျက်ကျခဲ့သည့် Drone အား တွေ့ရစဉ်။

# ရွေးကောက်ပွဲ အပိုင်း(၂)၌ ပြည်သူများ ယုံကြည်ချက်အပြည့်ဖြင့် အေးချမ်းစွာ ဆန္ဒမဲပေးမှုမြင်ကွင်းများ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂)ကို ဇန်နဝါရီ ၁၁ ရက် နံနက် ၆ နာရီမှ စတင်ကာ တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်နယ်မြေများ၌ ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်ပွဲကို ယုံကြည်ချက်အပြည့်ဖြင့် အေးချမ်းလွတ်လပ်စွာ ဆန္ဒမဲပေးခဲ့ကြသည်။


ချောင်းဦးမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မိုင်းခတ်မြို့နယ်
နန်းနွယ်နီ(ပြန်/ဆက်)


ကံမမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကဝမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မင်းတုန်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကျောက်ပန်းတောင်းမြို့နယ်
နေအောင်(ကျောက်ပန်းတောင်း)


မုဒုံမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ငဖဲမြို့နယ်
မြို့နယ်(ပြန်/ဆက်)


လှည်းကူးမြို့နယ်
ထက်ထက်(ပြန်/ဆက်)


ပေါက်ခေါင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ပေါင်းတည်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ရေတာရှည်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


တနင်္သာရီမြို့နယ်
မြို့နယ်(ပြန်/ဆက်)


သနပ်ပင်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


အရာတော်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


အထက်မင်းလှမြို့နယ်
ဝင်းမြတ်(အထက်မင်းလှ)


ရေဖြူမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မဟာအောင်မြေမြို့နယ်
မြို့နယ်(ပြန်/ဆက်)

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သမိုင်းဝင်သစ္စာအဓိဋ္ဌာန်အောင် ရွှေစာရံစေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ကြည့်ရှု

**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပုသိမ်ကြီး မြို့နယ်ရှိ အေဒီ ၁၀၅၈ တွင် မူလအလှူရှင် စောမွန်လှတည်ထားခဲ့ပြီး အင်းဝမိုးညှင်း မင်းတရားကြီး ဆင်ဖြူရှင်မင်းနှင့် ရသေ့ကြီး ဦးခန္တီတို့ ပြန်လည်မွမ်းမံတည်ထားခဲ့သည့်သမိုင်းဝင်သစ္စာအဓိဋ္ဌာန် အောင်ရွှေစာရံမြတ်စွာဘုရားသို့ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လိုက်ပါပြီး သွားရောက် ဖူးမြော်ကြည့်ရှုခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည်ရွှေစာရံမြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းများ ကပ်လှူခဲ့ကြပြီးနောက် ဂေါပအဖွဲ့ထံသို့ အလှူငွေများ လှူဒါန်းခဲ့သည်။

၎င်းနောက် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရွှေစာရံစေတီတော်ထီးတော်နှင့် သာသနိက အဆောက်အအုံများ၊ ဖိုးကုလားဂူဘုရားတို့အား ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို လိုက်လံကြည့်ရှုပြီးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံများအား ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေးမူမပျက်ဆောင်ရွက်ရန်၊ ဘုရား၊ စေတီများတွင်ရှိသည့် နံရံဆေးပန်းချီများကို ရှေးမူလက်ရာမပျက် ထိန်းသိမ်းနိုင်ရေးတို့ကို အလေးထားကာ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

o-o-o-o









## စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် အတန်းလိုက်ပိုက် ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၁၂**

စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အတန်း လိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက အဆိုပါတက္ကသိုလ်ရှိ အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ ပါမောက္ခချုပ် ဒေါက်တာ အေးသက်သက်ဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ သင်ကြား၊ စီမံဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။



အခမ်းအနားတွင် အတန်းအလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ဆုရရှိကြသောပြိုင်ပွဲဝင်အသင်းများအား ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပိုက်ကျော်ခြင်း ပြိုင်ပွဲကို ဇန်နဝါရီလ ၁၀ ရက်မှ ၁၁ ရက်အထိ ၂ ရက်ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ၁၀သင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

(ဓဲပုံ)

နေလင်းအောင်(ပြန်/ဆက်)

o-o-o-o

o-o-o-o-o

## ကျောက်ဆည်မြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ကျပ်ဖြင့် ရောင်းချရသဖြင့် တောင်သူများ အဆင်ပြေ

**ကျောက်ဆည် ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ မိုးကောင်းသောက် ကျေးရွာအုပ်စုများတွင် မိုးကြို၊ မိုးနှောင်းရာသီများ၌ ချည်မျှင်ဝါများကို အဓိကထားစိုက်ပျိုးကြပြီး မိုးနှောင်းချည်မျှင်ရှည်ဝါ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ဖြင့် ရောင်းချရသဖြင့် ဝါစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မိုးနှောင်းချည်မျှင်ရှည်ဝါများကို သင်္ဂတုံကျေးရွာအုပ်စု၌ ၄၉ ဧက၊ အရှေ့သာဂရ ကျေးရွာအုပ်စု၌ ၁၅ ဧက၊ ကလေး ကျေးရွာအုပ်စု၌ ၆၈ ဧက၊ မှိုင်းပန်ကျေးရွာအုပ်စု၌ ၁၁၉၄ ဧက၊ ပြည်တော်သာ ကျေးရွာအုပ်စု၌ ဧက ၄၀၊ ရှမ်းတောင်ဦး ကျေးရွာအုပ်စု၌ ၁၀၄ ဧက၊ ကုလားကျောင်း ကျေးရွာအုပ်စု၌ ၆၅ ဧက စုစုပေါင်း ၁၅၃၅ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝါစိုက်တောင်သူများ ဝါအထွက်နှုန်းကောင်းမွန်ရေး သွင်းအားစုနှင့် ကုန်ကျစရိတ် လျှော့နည်းပြီး အရည်အသွေးမြင့်မား၍ အထွက်နှုန်းတိုးတက်ကောင်းမွန်သည့် ရေမြေဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့် ချည်မျှင်ရှည်ဝါမျိုးများ ရွေးချယ်စိုက်ပျိုးရေးအတွက် ကူညီပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

သက်မောင်(ကျောက်ဆည်)



# မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရားတွင် ၂၀၂၆ ခုနှစ် နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၂**

အောင်မြေသာစံမြို့နယ်ရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား အာရုံခံတန်ဆောင်းတွင် ၂၀၂၆ ခုနှစ် နှစ်သစ်ကူးအခါသမယရက်မြတ်တွင် အန္တရာယ်ကင်းပရိတ်ကြီး ၁၁ သုတ် ၃ ရက်၊ မဟာသမယသုတ် ၇ သုတ် ၃ ရက်နှင့် ဥပ္ပါတသန္တိကျမ်းမြတ် ၅ ရက် ရွတ်ဖတ်ပူဇော်ခြင်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းကကျင်းပရာ မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အရှေ့ခင်မကန်တိုက် ကထိန်တော်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာသီရိဘိဝံသအမှူးပြု၍ ပင့်သံဃာတော်များ ကြွရောက်တော်မူပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝတ်အသင်းများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် အရှေ့ခင်မကန်တိုက် ကထိန်တော်ကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရာတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ အရှေ့ခင်မကန်တိုက် ကထိန်တော်ကျောင်း ဆရာတော်ထံ တိုင်းဒေသကြီးဝန်ကြီးချုပ်က နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီးနောက် လှူဒါန်းမှုအစုစုအတွက် ဆရာတော်ထံမှ အနုမောဒနာနှင့် ရေစက်သွန်းချတရားနာယူကြည်ညိုကြသည်။

၎င်းနောက် မဟာသကျမာရဇိန် ကျောက်တော်ကြီး မြတ်စွာဘုရား ဝတ်အသင်းမှ တရားနာပင့်ဖိတ်ထားသော နတ်၊ ဗြဟ္မာများအား ပြန်လည်ပို့ဆောင်ပြီးနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းခဲ့ကြောင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ပြီး မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အရှေ့ခင်မကန်တိုက် ကထိန်တော်ကျောင်း ဆရာတော်အမှူးပြု၍ ဆရာတော် သံဃာတော် ၄၉ ပါးအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ အလှူရှင်များက ဆွမ်းဆန်စိမ်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ





# မြစိမ်းရောင်ကျေးရွာစီမံကိန်း(အတိုးရငွေ)များ ပြန်လည်ကောက်ခံ

**ဇမ္ဗူသီရိ ဇန်နဝါရီ ၁၂**

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တဲကြီးကုန်းကျေးရွာအုပ်စု၊ ရှားတောကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေမှ အတိုးရငွေများ ပြန်လည်ကောက်ခံခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ကျေးရွာဘက်စုံသုံးခန်းမ(SMU)၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်းက ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ လအလိုက် ပေးသွင်းရမည့် စီမံကိန်းအတိုးရငွေများ ပေးကြေအောင် ပေးဆပ်ရန်ကိစ္စရပ်များ၊ ငွေစာရင်းဇယားများ ပြည့်စုံစွာဖြည့်သွင်းရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ ငွေစာရင်းဇယားပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များနှင့် ဒုတိယလေးလပတ်အတွက် ပေးသွင်းရမည့် ငွေစာရင်းရှင်းတမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက Nature Link Pay (Trusty)မှ တာဝန်ရှိသူများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရှားတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သည့် စီမံကိန်းအသင်းသား၊ အသင်းသူ ၁၅၀ ဦး ထံမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှ ဒုတိယလေးလပတ်အတွက် အတိုးရငွေကျပ် သုညဒသမ ၉၃၈ သန်းအား Mobile Financial Payment စနစ်ဖြင့် ပြန်လည်ကောက်ခံခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၄၅)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ



စာအုပ်၊ စာပေ
လူ့မိတ်ဆွေ။

- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# မြို့နယ်ကြက်ခြေနီအသင်းခွဲ ရုံးအဆောက်အအုံ(ICRC) အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ပြင်ဆင်ပြီး၍ လွှဲပြောင်းပေးအပ်

**ပုသိမ်ကြီး ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၌ ငလျင်ကြောင့် ပြိုကျပျက်စီးခဲ့သော မြို့နယ်ကြက်ခြေနီအသင်းခွဲရုံးအဆောက်အအုံအား (ICRC) အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ပြင်ဆင်ပြီး၍ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါအသင်းခွဲရုံး၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပြည့်အလုပ်အမှုဆောင် ပါမောက္ခဒေါက်တာရီရီတင်က အဖွင့်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ မန္တလေးရုံးခွဲဌာနေကိုယ်စားလှယ် Mr.Ross Farmery က ရုံးအဆောက်အအုံ တည်ဆောက်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ကြက်ခြေနီအသင်းခွဲ ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါ်သက်မာဝင်းက လှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင်က မြို့နယ်ရုံးခွဲသို့ ရှေးဦးပြုစုခြင်းဆေးအိတ်များအား ပေးအပ်ခဲ့သည်။

၎င်းနောက် တက်ရောက်လာသူများဖြင့် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**စာနည်းကိုကို(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့ နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံ့တော) ခေတ်မီဈေးသစ်ကြီးအား စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် မန္တလေး-ပြင်ဦးလွင်လမ်း အဆင်းမိုင်တိုင်(၂၃/၄)မှ ဗဟိုမီးသတ်သင်တန်းကျောင်းအထိ လမ်းအူကြောင်းဖောက်လုပ်နေမှုကို ကွင်းဆင်းစစ်ဆေး







**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံ့တော) ခေတ်မီဈေးသစ်ကြီး အောင်မြင်စွာဖွင့်လှစ်နိုင်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ (ညံ့တော) ခေတ်မီဈေးသစ်ကြီးသို့ ရောက်ရှိ၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှုအခြေအနေများနှင့်ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သုမင်္ဂလာ(ညံ့တော) ခေတ်မီဈေးသစ်ကြီးအပေါ်ထပ်ရှိ မင်္ဂလာခန်းမတွင် လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ တည်ဆောက်ရေးကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပြင်ဦးလွင်မြို့ရှိ နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံ့တော) ခေတ်မီဈေးသစ်ကြီးအား စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် ကဏ္ဍများအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် လစ်ဟင်းမှုမရှိစေရေး အလေးထားဆောင်ရွက်သွားကြရန်၊ ပိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်းပြောကြားပြီး ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးရာပြည်ထောင်စုအစိုးရအဖွဲ့ရန်ပုံငွေမှ ခွင့်ပြုရန်ပုံငွေကျပ် ၁၄၅၄ ဒသမ ၄၄ သန်းဖြင့် ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နေသည့် ပဒေသာမြို့သစ်ရပ်ကွက်ကြီး(၈)နှင့် (၁၀)ရှိ တောင်မြောက်ဆက်သွယ်ထားသောအဓိကလမ်းမကြီး(၄)ခုအနက် သီဂီလမ်းအရှည်ပေ ၈၇၀၀ မူလလမ်းအကျယ် ၁၆ ပေမှ ၂၄ ပေ အကျယ်လမ်းချဲ့ခြင်းလုပ်ငန်းနှင့် ရတနာလမ်းအရှည် ၇၃၁၃ ပေ မူလလမ်းအကျယ် ၁၂ ပေမှ ၂၄ ပေအကျယ် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လုပ်ငန်းပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းအရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်ရန်၊ ကတ္တရာလမ်းပေါ်တွင် ရေတင်ကျန်မှုမရှိစေရေး Camber များ စနစ်တကျဖြစ်စေရေး၊ လမ်းဘေးရေမြောင်းများ စနစ်တကျရှိစေရေးတို့ကို ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဂဲလောင်းချောင်းရေရှည်တည်တံ့ရေးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ၆၉ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားရှိသည့် အရှည် ၁၀၄၁ ပေနှင့် အကျယ် ၁၂ ပေရှိ ဂဲလောင်းချောင်းဘေးဝဲ၊ ယာ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းအတွင်း အမှိုက်စွန့်ပစ်မှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့သည်။

၎င်းနောက် ပြင်ဦးလွင်မြို့ ဘူတာအနီးရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အ.လ.က(၁)သို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ၊ လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ကျောင်းဥပစာရှေ့တွင် ၁၀ ပေအကျယ်ရှိ လူသွားပလက်ဖောင်းတည်ဆောက်သွားနိုင်ရန်နှင့် ပြင်ဦးလွင်ဘူတာအနီးရှိ အောင်ဇေယျလမ်းမအား ၄၈ ပေ အကျယ် တိုးချဲ့နိုင်ရန်အတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဆောင်ရွက်မည့် လုပ်ငန်းများကို အမြန်ဆုံးစတင်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်တို့ကို တာဝန်ရှိသူများအားမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာအုပ်စု မန္တလေး-ပြင်ဦးလွင်လမ်းအဆင်းမိုင်တိုင်(၂၃/၃)မှ ဗဟိုမီးသတ်သင်တန်းကျောင်းထိ သုံးမိုင်အရှည်အထိ မြေသားလမ်းအကျယ်ပေ ၁၀၀ အတွင်း ကတ္တရာလမ်း ၂၄ ပေအကျယ်ခင်းရန်အတွက် လမ်းအူကြောင်းဖောက်လုပ်နေမှုနှင့် နှစ်မိုင်ဖောက်လုပ်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





◆ စာမျက်နှာ ၂၄ မှ

မိုင်းရယ်မြို့ အနောက်တောင်ဘက် ၂၀ ကီလိုမီတာခန့်အကွာ ဒုတိယနေရာမှ လက်ရှိသိမ်းဆည်းရမိ သော ဓာတုပစ္စည်းများအပေါ် ခန့်မှန်းတွက်ချက်မှုအရ အိုက်စ် ၂၇ တန်ခန့် (တန်ဖိုးငွေကျပ် ၅၄၀ ဘီလီယံ)ထုတ်လုပ်နိုင်ပြီး စိတ်ကြွဆေးပြားအဖြစ် ပြောင်းလဲထုတ်လုပ်ပါက စိတ်ကြွဆေးပြား သန်း ၈၁၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အဆိုပါ စိတ်ကြွဆေးပြားများ ဈေးကွက်အတွင်းသို့ ရောက်ရှိသွားပါက ငွေကျပ် ၁၆၂၀ ဘီလီယံခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ပျံ့နှံ့သွားမည်ဖြစ်သည်။ အဆိုပါနေရာမှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများကို လေ့လာဖော်ထုတ် သုံးသပ်ချက်အရ အိုက်စ် ၂၇ တန် (သို့မဟုတ်) စိတ်ကြွဆေးပြားသန်း ၈၁၀ ခန့်ထက် ပိုမိုများပြားသည့် မူးယစ်ဆေးဝါးများကို ပုံမှန်ထုတ်လုပ်နေခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

အဆိုပါ ဒုတိယနေရာနှင့် ၎င်း၏ အနောက်တောင်ဘက် ၁၉ ကီလိုမီတာခန့်အကွာ တတိယနေရာတို့တွင် GUANYINWANG စာတန်းပါထုပ်ပိုးခွံများနှင့် တရုတ်စာတန်းပါ ထုပ်ပိုးခွံအမြောက်အမြားကိုလည်း သိမ်းဆည်းရမိခဲ့သည်။ ၂၀၂၅ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ဖမ်းဆီးရမိခဲ့သည့် အိုက်စ် ၃၇ ဒသမ ၈၁၅ တန်အနက် GUANYINWANG စာတန်းပါ ထုပ်ပိုးခွံဖြင့် ထုပ်ပိုးထားသည့် အိုက်စ် ၁၁ ဒသမ ၆၈၆ တန်နှင့် တရုတ်စာတန်းပါထုပ်ပိုးခွံဖြင့် ထုပ်ပိုးထားသည့် အိုက်စ် ၀ ဒသမ ၉၆ တန် စုစုပေါင်း ၁၂ ဒသမ ၆၄၆ တန် (စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၂၅၂ ဒသမ ၉၂ ဘီလီယံ) ဖမ်းဆီးရမိခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် အဆိုပါနေရာနှစ်ခုမှ ထုတ်လုပ်ဖြန့်ဖြူးခဲ့သည့် ပမာဏမှာ ၂၀၂၅ ခုနှစ်အတွင်း တစ်နိုင်ငံလုံး၌ ဖမ်းဆီးရမိခဲ့သည့် အိုက်စ်ပမာဏ၏ ၃၃ ဒသမ ၄၄ ရာခိုင်နှုန်းခန့်ရှိကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီ (၁၀၊ ၁၁) ရက်များတွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာသုံးခုသည် မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်သည့် ပင်ရင်း နေရာများဖြစ်ကြောင်း စိစစ်တွေ့ရှိရမှုအား သတင်းထုတ်ပြန်အပ်ပါသည်။ သတင်းစဉ်



မိုင်းရယ်မြို့ အနောက်တောင်ဘက် ၂၀ ကီလိုမီတာခန့်အကွာ ဒုတိယနေရာနှင့် ၎င်း၏ အနောက်တောင်ဘက် ၁၉ ကီလိုမီတာခန့်အကွာ တတိယနေရာတွင် တွေ့ရှိရသည့် ထုပ်ပိုးခွံများ။



ယခင် ဖမ်းဆီးရမိခဲ့သည့် DAGUANYIN တံဆိပ် အိုက်စ်ထုပ်ပိုးခွံများ။



ယခင်ဖမ်းဆီးရမိခဲ့သည့် GUANYINWANG တံဆိပ် အိုက်စ် ထုပ်ပိုးခွံများ။



မိုင်းရယ်မြို့ အနောက်တောင်ဘက် ၂၀ ကီလိုမီတာခန့်အကွာ ဒုတိယနေရာတွင် တွေ့ရှိရသည့် ထုပ်ပိုးခွံများ။

# ၂၀၂၅ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ငွေကျပ် ၁၇၆၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသည့် ဓာတုပစ္စည်းများဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများအား အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်၍ တားဆီးနှိမ်နင်းရေးအဖွဲ့များ ဖြစ်သည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့မှ ဆက်စပ်ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ တစ်နိုင်ငံလုံးလွှမ်းခြုံသည့် မူးယစ်ဆေးဝါးသတင်းရယူဖော်ထုတ်ဖမ်းဆီးရမိရေး စီမံချက်ချမှတ်ပြီး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၅၃၇၀ မှုမှ တရားခံ ၇၅၆၂ ဦးတို့ကို ငွေကျပ် ၁၇၆၁ ဒသမ ၃၂၄ ဘီလီယံတန်ဖိုးရှိ ဘိန်း ၁ တန်ကျော်၊ ဘိန်းဖြူ ၂ ဒသမ ၁ တန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၇ သန်းကျော်၊ အိုက်စ် ၃၇ ဒသမ ၈ တန်ကျော်၊ ဘိန်းစာရွက် ၁ ဒသမ ၅ တန်ကျော်၊ HAPPY WATER ၂၀၄ ကီလိုကျော်၊ ကက်တမင်း ၁၅ တန်ကျော် အပါအဝင် အခြား မူးယစ်ဆေးဝါးများနှင့်အတူ မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ ပစ္စတိုသေနတ် အလက် ၄၀၊ လုပ်သေနတ် နှစ်လက်၊ ကျည်မျိုးစုံ ၂၇၆၄ တောင့်၊ လက်ပစ်ဗုံး ငါးလုံးနှင့် ဒီတိုနေတာမျိုးစုံ အချောင်း ၁၈၇၄၀၀ တို့အား ဖမ်းဆီးရမိခဲ့သည်။

အလားတူ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုရန် တရားမဝင်တင်သွင်းလာသည့်ထိန်းချုပ်ဓာတုပစ္စည်း Caffeine ၂၂ ဒသမ ၇ တန်ကျော်၊ Acetone ၉၆၀ လီတာ၊ Toluene ၅၀၄၀ လီတာကျော်၊ Ammonium Chloride ၅ တန်၊ Sodium Cyanide ၂တန်ကျော်၊အခြားဓာတုပစ္စည်းများဖြစ်သည့် Sodium Carbonate ၅ တန်၊ Acetic Acid ၂၅၆၀၀ လီတာကျော်၊ Nitric Acid ၃၈၂၀ လီတာအပါအဝင် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အခြားဓာတုပစ္စည်းများအား ဖမ်းဆီးရမိခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပုံတတ်ကျေးရွာအနီး၌ ဘိန်းချက်စခန်းတစ်ခုကို ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအနီး၌ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်သည့်စခန်းနှစ်ခုကို ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ တာချီလိတ်မြို့နယ် ဝမ်ကောင်းမွန်ကျေးရွာရှိ နေအိမ်မှ ဆေးပြားရိုက်စက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

ထို့ပြင် ၂၀၂၅-၂၀၂၆ ဘိန်းစိုက်ရာသီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့၌ ဘိန်းစိုက်ခင်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဆက်စပ်ဌာနဆိုင်ရာများ၊ ဌာနေပြည်သူ့စစ်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဘိန်းစိုက်ခင်းစုစုပေါင်း ၅၀၈၄ ဒသမ ၅ ဧက (၂၀၅၇ ဒသမ ၆၆ ဟက်တာ) ကို ဖျက်ဆီးနိုင်ခဲ့ပြီး ဆက်လက်ဖျက်ဆီးလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ သတင်းစဉ်

| စဉ် | မူးယစ်ဆေးဝါးအမျိုးအစား | ၂၀၂၄ ခုနှစ် | | ၂၀၂၅ ခုနှစ် | | ရေတွက်ပုံ |
|---|---|---|---|---|---|---|
| | | အမှု | ပမာဏ | အမှု | ပမာဏ | |
| ၁ | ဘိန်း | ၇၅ | ၁.၇၁၉ | ၇၇ | ၁.၁၅၅ | တန် |
| ၂ | ဘိန်းဖြူ | ၄၅၀ | ၁.၉၇၈ | ၃၉၇ | ၂.၁၃ | တန် |
| ၃ | စိတ်ကြွရူးသွပ်ဆေးပြား | ၃၉၂၉ | ၂၂၇.၇၉၄ | ၃၈၀၇ | ၃၇၇.၁၀၉ | သန်း |
| ၄ | အိုက်စ် | ၇၀ | ၂၁.၀၄၈ | ၈၉ | ၃၇.၈၁၅ | တန် |
| ၅ | ဆေးခြောက် | ၄၇၈ | ၁.၁၈၅ | ၃၈၆ | ၀.၈၇၉ | တန် |
| ၆ | ဘိန်းစာရွက် | ၆၂ | ၁.၉၄၄ | ၆၂ | ၁.၅၁၁ | တန် |
| ၇ | ဘိန်းစာမှုန့် | ၁၈ | ၀.၁၇ | ၁၄ | ၀.၃၀၁ | တန် |
| ၈ | အက်တက်စီဆေးပြား | ၂၇ | ၀.၂၁၄ | ၃၀ | ၀.၀၆၅ | သန်း |
| ၉ | Happy Water | ၂၀၉ | ၂၁၆.၄၄၀ | ၂၄၄ | ၂၀၄.၉၅၉ | ကီလို |
| ၁၀ | ကက်တမင်း | ၈၆ | ၁.၆၅၁ | ၈၈ | ၁၅.၃၉၇ | တန် |
| ၁၁ | အခြားမူးယစ်ဆေးဝါး | ၁၀၅ | - | ၁၃၇ | - | - |
| ၁၂ | Caffeine | ၇ | ၂၄.၁ | ၇ | ၂၂.၇၅ | တန် |
| ၁၃ | Ammonium Chloride | - | - | ၃ | ၅ | တန် |
| ၁၄ | Sodium Cyanide | ၆ | ၃၀.၇ | ၅ | ၂.၃၄၆ | တန် |
| ၁၅ | Toluene | ၁ | ၄၄၀ | ၃ | ၅၀၄၀.၅ | လီတာ |
| ၁၆ | Acetic Acid | - | ၇၂၅ | ၁ | ၂၅၆၉၉ | လီတာ |
| ၁၇ | Nitric Acid | ၄ | ၄၉၂၆၀ | ၄ | ၃၈၂၀ | လီတာ |
| ၁၈ | အခြားဓာတုပစ္စည်းများ | ၆၆ | | ၁၆ | | |
| | အမှုပေါင်း | ၅၅၉၃ | | ၅၃၇၀ | | |
| | တရားခံပေါင်း | ၇၈၂၈ ဦး | | ၇၅၆၂ ဦး | | |
| | မြန်မာငွေကျပ်(ဘီလီယံ) | ၉၉၈.၆၀၄ | | ၁၇၆၁.၃၂၄ | | |

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# နိုင်ငံတကာ အားကစား သတင်းများ

## 2026 Brisbane International တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Daniil Medvedev ဆွတ်ခူး

**လန်ဒန် ဇန်နဝါရီ ၁၂**

သြစတြေးလျနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Brisbane International တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ရုရှားတင်းနစ်ကစားသမား Daniil Medvedev က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်ကစားသမား Daniil Medvedev သည် 2026 Brisbane International တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Brandon Nakashima ကို ၆-၂၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



အသက်(၂၉)နှစ်အရွယ်ရှိ Daniil Medvedev က "ကျွန်တော်အခုလို 2026 Brisbane International တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတံဆိပ်တွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(ဝဲပုံ)**

**(NGB)**




## စပိန်စူပါဖလား ချန်ပီယံဆုကို ဘာစီလိုနာအသင်း ဆွတ်ခူး

**ဘာစီလိုနာ ဇန်နဝါရီ ၁၂**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်စူပါဖလား ချန်ပီယံဆုကို ဘာစီလိုနာအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ဘာစီလိုနာအသင်းသည် စပိန်စူပါဖလား ဗိုလ်လုပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် စပိန်စူပါဖလား ချန်ပီယံဆုကို ၁၉၉၁၊ ၁၉၉၂၊ ၂၀၀၅၊ ၂၀၀၆၊ ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁၊ ၂၀၂၅၊ ၂၀၂၆ခုနှစ်တို့တွင် ဆွတ်ခူးနိုင်ခဲ့သည်။

ဘာစီလိုနာအသင်း၏ ထုတ်ပြန်ချက်တွင် "အခုလို စပိန်စူပါဖလား ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ ချန်ပီယံဆု ဆွတ်ခူးနိုင်အောင် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ)**

**(NGB)**

## ကန်းနက်တေလာ လာဇီယိုအသင်းတွင် ကျောနံပါတ်(၂၄)ဂျာစီ ဝတ်ဆင်ကစားသွားမည်

**တူရင် ဇန်နဝါရီ ၁၂**

ကွင်းလယ်ကစားသမားသစ် ကန်းနက်တေလာသည် လာဇီယိုအသင်းတွင် ကျောနံပါတ်(၂၄)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် အေဂျက်စ်အသင်းမှ လာဇီယိုအသင်းသို့ ယူရို ၁၇သန်းဖြင့် ၂၀၃၀ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။



ကွင်းလယ်ကစားသမား ကန်းနက်တေလာသည် အေဂျက်စ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၄ ပွဲကစား ပြီး ၃၆ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လာဇီယိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကန်းနက်တေလာက "ကျွန်တော် လာဇီယိုအသင်းမှာ ကျောနံပါတ်(၂၄)ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများရရှိအောင် အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(ဝဲပုံ)**

**(NGB)**

## လက်ရွေးစင်ကစားသမားဘဝမှ အနားယူမည် မဟုတ်သေးကြောင်း ဗန်ဒိုက်ချ် ပြောကြား

**လန်ဒန် ဇန်နဝါရီ ၁၂**

နယ်သာလန် လက်ရွေးစင်အသင်း နောက်ခံကစားသမား ဗန်ဒိုက်ချ်က မိမိအနေဖြင့် လက်ရွေးစင်ကစားသမားဘဝမှ အနားယူမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အနားယူမည်မဟုတ်သေးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် နယ်သာလန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၅မှ ၂၀၂၅ခုနှစ်အထိ ပြိုင်ပွဲ ၈၈ပွဲကစားကာ ၁၁ ဂိုး သွင်းယူထားသည်။ **(ယာပုံ)**

အသက်(၃၄)နှစ်အရွယ်ရှိ ဗန်ဒိုက်ချ်က "ကျွန်တော်လက်ရွေးစင်ကစားသမားဘဝမှ အနားယူမှာမဟုတ်သေးပါဘူး။ အသင်းနဲ့အတူ ၂၀၂၆ ကမ္ဘာ့ဖလားပွဲတွင် ပါဝင်ကစားပြီး အောင်မြင်မှုတွေ ရယူသွားချင်ပါသေးတယ်"ဟု ပြောသည်။

**(NGB)**



### ဘောလုံးသတင်းအတိုအထွာများ

* လိဒ်စ်အသင်းသည် ယူနီယံဘာလင်အသင်း နောက်ခံကစားသမား ဒါနီဟိုဒိုခီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* မန်ယူအသင်းသည် ဘလက်ဘန်းရိုဗာစ်အသင်း လူငယ်တိုက်စစ်ကစားသမား အီဂေါ်တိုင်ဂျွန်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ **(NGB)**

## တမ်မီအေဘရာဟမ်ကို ခေါ်ယူရန် အက်စတွန်ဗီလာအသင်း စီစဉ်

**လန်ဒန် ဇန်နဝါရီ ၁၂**

အက်စတွန်ဗီလာအသင်းသည် ရိုးမားအသင်းတိုက်စစ်မှူး တမ်မီအေဘရာဟမ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ယခုနှစ်ဘောလုံးရာသီတွင် ရိုးမားအသင်းမှ ဘီဆစ်တပ်စ်အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၂၄ပွဲကစားကာ ၁၂ဂိုး သွင်းယူ၍ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ရိုးမားအသင်းကလည်း တမ်မီအေဘရာဟမ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ကြေးနှုန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် အက်စတွန်ဗီလာအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ရိုးမားအသင်းထံမှ တမ်မီအေဘရာဟမ်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**




### စပိန်ကိုပါဒယ်ရေးဖလား ဘောလုံးပြိုင်ပွဲ(၁၆သင်း)ရှုံးထွက်အဆင့်ပွဲစဉ် — နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၁၄-၁-၂၀၂၆<br>နံနက် ၀၂:၃၀နာရီ | လီယိုနီဆာ - ဘီလ်ဘာအို<br>(လာလီဂါ II-၁၅) (လာလီဂါ-၈) | ———— |
| " | လာကိုရူနာ = အက်သလက်တီကို<br>(လာလီဂါ II-၅) (လာလီဂါ-၄) | ———— |
| " | ဆိုစီဒက် - အိုဆာဆူနာ<br>(လာလီဂါ -၁၁) (လာလီဂါ-၁၅) | ဆိုစီဒက် ၂-၀ အိုဆာဆူနာ<br>အိုဆာဆူနာ ၁-၃ ဆိုစီဒက် |

### ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ(၁၆သင်း)ရှုံးထွက်အဆင့်ပွဲစဉ် — နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၁၄-၁-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | ရိုးမား - တိုရီနို<br>(စီးရီးအေ-၄) (စီးရီးအေ-၁၂) | ရိုးမား ၀-၁ တိုရီနို<br>တိုရီနို ၀-၂ ရိုးမား |

### ကာရာဘောင်း လိဂ်ဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် — နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၁၄-၁-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | နယူးကာဆယ် - မန်စီးတီး<br>(ပရီးမီးယားလိဂ်-၆) (ပရီးမီးယားလိဂ်-၂) | နယူးကာဆယ် ၂-၁ မန်စီးတီး<br>မန်စီးတီး ၄-၀ နယူးကာဆယ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၇) — နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၄-၁-၂၀၂၆<br>နံနက် ၀၀:၀၀နာရီ | (၅)စတုဂတ် - ဖရန့်ဖတ်(၇)<br>(W,W,D,W,W) (L,L,W,D,D) | စတုဂတ် ၂-၃ ဖရန့်ဖတ်<br>ဖရန့်ဖတ် ၁-၀ စတုဂတ် |
| ၁၄-၁-၂၀၂၆<br>နံနက် ၀၂:၀၀ နာရီ | (၂)ဒေါ့မွန် - ဝါဒါဘရီမင်(၁၂)<br>(W,D,D,W,D) (D,L,L,D,D) | ဒေါ့မွန် ၂-၂ ဝါဒါဘရီမင်<br>ဝါဒါဘရီမင် ၀-၀ ဒေါ့မွန် |
| " | (၁၃)ဟမ်းဘတ် - လေဗာကူဆင်(၄)<br>(L,W,L,D,L) (L,D,W,W,L) | ဟမ်းဘတ် ၁-၂ လေဗာကူဆင်<br>လေဗာကူဆင် ၃-၀ ဟမ်းဘတ် |
| " | (၁၈)မိန့်ဇ် - ဟိုင်ဒန်ဟိမ်း(၁၇)<br>(D,D,W,D,D) (W,W,L,L,D) | မိန့်ဇ် ၀-၂ ဟိုင်ဒန်ဟိမ်း<br>ဟိုင်ဒန်ဟိမ်း ၀-၂ မိန့်ဇ် |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၃-၁-၂၀၂၆<br>အင်္ဂါနေ့ | ညနေ ၃:၃၀နာရီ | (၇)ရှေ့ဝတီ - ISPE (၆)<br>(W,L,D,D,D) (W,W,L,W,L) | ရှေ့ဝတီ ၀-၂ ISPE<br>ISPE ၁-၀ ရှေ့ဝတီ |
| " | ညနေ ၄:၀၀နာရီ | (၈)မဟာ - ရတနာပုံ(၅)<br>(W,L,W,D,L) (L,D,W,D,L) | မဟာ ၂-၀ ရတနာပုံ<br>ရတနာပုံ ၃-၂ မဟာ |

# ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး အမြဲမပြတ် ကွင်းဆင်းဆောင်ရွက်



**ပုဂံ ဇန်နဝါရီ ၁၂**

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများ သည် ရာသီဥတုဒဏ်၊ သဘာဝ ဘေးအန္တရာယ်များကို နှစ်ပေါင်း ကာလကြာမြင့်စွာဖြတ်သန်းခဲ့ရ သဖြင့် ရှေးဟောင်းအမွေအနှစ် များ အခွန့်ရှည်တည်တံ့စေရေး ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်း များကို မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ရှေးဟောင်း သုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန၊ပုဂံဌာနခွဲက ပြည်တွင်း၊ ပြည်ပ ကျွမ်းကျင်ပညာရှင်များ ၏ အကြံပြုချက်များ Conservation Guideline များ၊ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် တူးဖော်မှုလုပ်ငန်းအခြေခံစံနှုန်း များနှင့်အညီ စနစ်တကျစီမံခန့်ခွဲ ကြီးကြပ်ဆောင်ရွက်လျက်ရှိ သည်။ (ဝဲပုံ)

ပုဂံကမ္ဘာ့ယဉ်ကျေးမှုအမွေ အနှစ်ဒေသအား နယ်မြေ (၁၁)ခု ပိုင်းခြား၍ ရှေးဟောင်းသုတေသန နှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ ယဉ်ကျေးမှုနယ်မြေလုံခြုံ ရေးဌာနစိတ်မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဆောင်သည့် အဖွဲ့ လေးဖွဲ့ ဖြင့် ရှေးဟောင်း အဆောက်အအုံနှင့်အမွေအနှစ် များ ထိခိုက်ပျက်စီးမှုများမဖြစ်ပေါ် စေရေးနှင့် အချိန်မီကြိုတင်ကာ ကွယ်ထိန်းသိမ်းနိုင်ရေးအတွက် စောင့်ကြည့်စစ်ဆေးခြင်း၊ ခွင့်ပြုချက်မရှိဘဲ ရှေးဟောင်းအဆောက် အအုံများပေါ်သို့ တက်ရောက်ခြင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် ထုတ်ပြန်သောအမိန့်ကြော်ငြာစာ များ၊ စည်းမျဉ်းစည်းကမ်းတို့ကို လိုက်နာခြင်းမရှိဘဲ ခွင့်ပြုချက်မဲ့ အဆောက်အအုံများ ဆောက်လုပ် ခြင်း၊ ဈေးဆိုင်ခန်းများဖွင့်လှစ် ခြင်း၊ လယ်ယာမြေပေါ်အခြား နည်း အသုံးပြုခြင်း၊ ဥပဒေနှင့် ဆန့်ကျင်သော လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ မရှိစေရေး အတွက် နေ့စဉ်ကွင်းဆင်း စောင့် ကြည့်စစ်ဆေးခြင်းနှင့် ဆက်စပ် ဌာန၊ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။ (၄၈၁)



# မန္တလေးမြို့နှင့် အနီးဝန်းကျင် ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများသို့ ဆန်၊ ဘိလပ်မြေ၊ မုန့်များ လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၁၂**

KBZ Center Mandalay သည် ငလျင်ဘေးသင့်သော မန္တလေးမြို့နှင့် အနီးဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်းများ၊သီလ ရှင်ကျောင်းများသို့ ဆန်အိတ်၊ ဘိလပ်မြေအိတ်၊မုန့်များ၊ဓာတ်ဆား ထုပ်များ သွားရောက်လှူဒါန်း လျက်ရှိသည်။

ဇန်နဝါရီ ၁၀ရက်က မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၄၁လမ်း၊ ၈၉လမ်းထောင့်ရှိ အဘယာရာမ ရွှေဂူကျောင်းတိုက်၊ကံကြီးကျောင်း သို့လည်းကောင်း၊ပုသိမ်ကြီးမြို့နယ်၊ သစ်ချိုကုန်းကွက်သစ်ရှိ ဧသုခ ဝတီသီလရှင်ကျောင်းသို့လည်း ကောင်း ဘိလပ်မြေအိတ် ၁၀၀ သွားရောက်လှူဒါန်းခဲ့သည်။

KBZ Center Mandalay သည် ၂၀၂၅ ခုနှစ်၊ ဖွင့်လမှ စတင်ပြီး ငလျင်ဒဏ်ကြောင့် မန္တလေးမြို့ရှိ ပြိုကျပျက်စီးသော ဘုန်းတော်ကြီးကျောင်း၊ သီလရှင် ကျောင်းများ အပါအဝင် ဘာသာ ရေး အဆောက်အအုံနေရာပေါင်း ၃၀ ကျော်သို့ ဘိလပ်မြေအိတ် ၁၁၅၅၀ အိတ်၊ ဆန် ၃၈၅၉ အိတ် လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

# ဆေးပဒေသာပင်နှင့် ကျောက်ကပ်သွေးသန့်စင်ဌာနအတွက် အလှူငွေပေးအပ်လှူဒါန်း

**သရက် ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ ခရိုင်ပြည်သူ့ဆေးရုံ ကျောက်ကပ်သွေးသန့်စင်ဌာန ၏ အကြိမ်(၁၀၀၀)ပြည့် ကျောက် ကပ်သွေးသန့်စင်ခြင်း၊ ဆေးပဒေ သာပင်အလှူငွေပေးအပ်ခြင်းနှင့် ကျောက်ကပ်သွေးသန့်စင်ဌာန အတွက် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီက သရက်ခရိုင်ပြည်သူ့ ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပ ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦး က အဖွင့်အမှာစကားပြောကြား ပြီး သရက်ခရိုင်ပြည်သူ့ဆေးရုံအုပ် ဒေါက်တာအုပ်စိုးလင်းက ကျောက် ကပ်သွေးသန့်စင်ဌာန၏ အကြိမ် (၁၀၀၀)ပြည့်မြောက်သည်အထိ အောင်မြင်စွာ ကျောက်ကပ်သွေး သန့်စင်နိုင်ခဲ့ခြင်းနှင့် အလှူငွေ ပေးအပ်ပွဲ ကျင်းပခြင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြား သည်။ ဆက်လက်၍ ဆေးရုံ အထောက်အကူပြုကော်မတီဝင် မြို့မိ၊ မြို့ဖ ဦးလှသိန်းက အလှူရှင် များကိုယ်စား အလှူငွေပေးအပ် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက် များကို ပြောကြားပြီး ဆေးပဒေ သာပင်နှင့် ကျောက်ကပ်သွေးသန့် စင်ဌာနအတွက် အလှူရှင်များက အလှူငွေများပေးအပ်ရာ ခရိုင်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဆေးရုံအထောက်အကူပြုကော် မတီဥက္ကဋ္ဌ ဆေးရုံအုပ်ဒေါက်တာ အုပ်စိုးလင်းနှင့်တာဝန်ရှိသူများက အလှူငွေများ လက်ခံပြီး ဂုဏ်ပြု လွှာများ ပြန်လည်ပေးအပ်ခဲ့ကြ သည်။ ယင်းနောက် ခရိုင်စီမံ ခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးစိုးလှမြင့်က အလှူရှင် များနှင့် ကျန်းမာရေးဝန်ထမ်းများ အား ကျေးဇူးတင်စကားပြန်လည် ပြောကြားပြီး အကြိမ်(၁၀၀၀) ပြည့် ကျောက်ကပ်သွေးသန့်စင် သည့်လူနာနှင့် ကျောက်ကပ်သွေး သန့်စင်ဌာနတွင် တာဝန်ထမ်း ဆောင်ကြသည့် ဝန်ထမ်းများအား အာဟာရပြည့် စားသောက်ဖွယ် ရာများ ပေးအပ်ခဲ့သည်။

သရက်ခရိုင်ပြည်သူ့ဆေးရုံ ကျောက်ကပ်သွေးသန့်စင်ဌာနကို ၂၀၂၃ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက် တွင် စတင်ဖွင့်လှစ်ခဲ့ရာ စတင် ဖွင့်လှစ်စဉ်က တစ်ပတ်လျှင် နှစ် ရက်သာ ကုသနိုင်ခဲ့ပြီး ယနေ့ အချိန်တွင် တစ်ပတ်လျှင် ငါးရက် တနင်္လာနေ့မှ သောကြာနေ့အထိ တိုးချဲ့ကုသပေးနိုင်ခဲ့သည်။သရက် ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ကျောက်ကပ်ဆေးစက် နှစ်လုံး၊ ရေသန့်စက်တစ်လုံးရှိပြီး အထူးကု ဆရာဝန်(ဆေးပညာ)အပါအဝင် ဝန်ထမ်းများဖြင့် ဆေးကုသပေး လျက်ရှိသည်။ သရက်မြို့နှင့် နီးစပ်ရာမြို့နယ်များမှ နာတာရှည် ကျောက်ကပ်ဝေဒနာရှင်များ လာ ရောက် ကုသမှုခံယူလျက်ရှိရာ ယနေ့တွင် ကျောက်ကပ်သွေး သန့်စင်ခြင်း အကြိမ်(၁၀၀၀) ပြည့်မြောက်ခြင်းဖြစ်သည်။ယနေ့ အခမ်းအနားတွင် ဆေးပဒေသာပင် အတွက် ဦးမျိုးဝင်း(မြစကြာ မော်တော်ယာဉ်အပိုပစ္စည်းရောင်း ဝယ်ရေး)၊ သရက်မြို့က ငွေကျပ် သိန်း၅၀နှင့် ကျောက်ကပ်သွေး သန့်စင်ဌာနအတွက် အလှူငွေကျပ် ၂၇ သိန်းကို အလှူရှင် ၁၁ ဦးတို့ က စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်

**ဇန်နဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ကပ္ပလီပင်လယ်ပြင်တောင် ပိုင်းနှင့် ဘင်္ဂလားပင်လယ် အော် တောင်ပိုင်းတို့တွင် တိမ် အသင့်အတင့်မှ တိမ်ထူထပ် နိုင်ပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ် အနည်းငယ် ဖြစ်ထွန်းနိုင်ပါ သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီး တွင် နေရာကွက်ကျား မိုးထစ် ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ ကချင် ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန် ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ တွင် တိမ်အသင့်အတင့် ဖြစ် ထွန်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက် ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ် နှင့် ရခိုင်ပြည်နယ်တို့တွင် အများ အားဖြင့် သာယာမည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်း ပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၂ ဒီဂရီ ဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်း တိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့ တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည် တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက် ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၅ ဒီဂရီဖာရင်ဟိုက်မှ ၉၅ ဒီဂရီ ဖာရင်ဟိုက်အတွင်း ရှိနိုင်ပါ သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၂၉ ဒီဂရီ ဖာရင်ဟိုက်ခန့်၊ မကွေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသ ကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ရှမ်းပြည်နယ်တို့တွင် ၄၅ ဒီဂရီဖာရင်ဟိုက်မှ ၅၆ ဒီဂရီ ဖာရင်ဟိုက်အတွင်းနှင့် နေပြည် တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅၇ ဒီဂရီ ဖာရင်ဟိုက်မှ ၆၇ ဒီဂရီဖာရင် ဟိုက်အတွင်း ရှိနိုင်ပါသည်။



**လေထုစိုထိုင်းဆ အခြေအနေ**

နေပြည်တော်နှင့် ရန်ကုန် တိုင်းဒေသကြီးတို့တွင် ၅၃ ရာခိုင် နှုန်းမှ ၆၂ ရာခိုင်နှုန်းအတွင်း၊ မကွေးတိုင်းဒေသကြီး၊ ကရင် ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်း ပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၃ ရာခိုင်နှုန်းမှ ၇၂ ရာခိုင်နှုန်း အတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်း ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက် ပိုင်း)တို့တွင် ၇၃ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူး တိုင်းဒေသကြီး (အနောက်ပိုင်း နှင့် တောင်ပိုင်း)၊ ကယား ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၈၃ ရာခိုင်နှုန်းမှ ၉၂ ရာခိုင် နှုန်းအတွင်း ရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက် ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည် နယ်၊ ချင်းပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ တွင် ၁၃ မီလီမီတာမှ ၂၃ မီလီမီတာအတွင်းနှင့် နေပြည် တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း နှင့် တောင်ပိုင်း)၊ မကွေးတိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသ ကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် ၂၄ မီလီမီတာမှ ၃၄ မီလီမီတာအတွင်းရှိနိုင်ကြောင်း စိုက်ပျိုးရေး၊ မိုးလေဝသဌာနခွဲ က ထုတ်ပြန်ထားသည်။

**ရွှေမန်း(မန္တလေးနေ့စဉ်)**

# အောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်း ပညာရေးစုံညီပွဲတော် ကျင်းပ



**မန္တလေး ဇန်နဝါရီ ၁၂**

အောင်ပန်းမြေကိုယ်ပိုင်အလယ်တန်းကျောင်းများ၏ ပညာရေးစုံညီပွဲတော်ကို အောင်ပန်းမြေကျောင်းခွဲများတွင် ယမန်နေ့ နံနက်ပိုင်းက တစ်ပြိုင်နက်တည်း ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားသို့ ကျောင်းအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဦးရန်အောင်၊ ကျောင်းအကြံပေးပုဂ္ဂိုလ် ဦးဝင်းကို၊ စစ်ဆေးရေးမှူး ဦးအောင်ဝင်း၊ ဒေါက်တာစိန်ဝင်းနှင့် ကော်မတီဝင်များ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားကို ကြိုဆိုပါသည် စုံညီပွဲတော်သီချင်းဖြင့် ဖွင့်လှစ်ခဲ့ပြီး ကျောင်းအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားကာ ကျောင်းအသီးသီးမှ ကျောင်းအုပ်ကြီး ဦးဝင်းအောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေအောင်နှင့် ဒေါ်သင်းသင်းမူတို့က အမှာစကားပြောကြားကြသည်။

စုံညီပွဲတော်တွင် မိဘဆရာတွေ့ဆုံပွဲကိုလည်း ကျင်းပခဲ့ပြီး အကြံပြုချက်များကို တောင်းခံရာ ကော်မတီဝင် စာရင်းစစ်ဒေါက်တာစိန်ဝင်း၊ ကြီးကြပ်ရေးမှူး ဦးဘဦး၊ ဦးထိပ်တင်အောင်၊ ဦးဇော်မင်းဝင်းတို့က မိဘများ၏ မေးမြန်းချက်များနှင့် အကြံပြုချက်များကို ပြန်လည်ဖြေကြားကြသည်။

ထို့နောက် အားကစားနှင့် စာပေဆုများအပါအဝင် ပညာရည်ချွန်ဆု အသီးသီးချီးမြှင့်ခဲ့ပြီး အတန်းအသီးသီးမှ ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်ခဲ့သည်။

အောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်းသည် သုံးကျောင်းရှိပြီး ကျောင်းခွဲ(၁) ၆၂-ဘီလမ်း၊ ၁၁၀လမ်းနှင့်၁၁၁လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ ကျောင်းခွဲ(၂) လမ်း၄၀၊ ၈၁လမ်းနှင့်၈၂လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ ကျောင်းခွဲ(၃) ၃၂လမ်း၊ ၆၄လမ်းနှင့်၆၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်တို့တွင် တည်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

# စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့် လူငယ်ရေးရာအသိပညာပေး ဟောပြောခြင်း နယ်လှည့်ကွင်းဆင်းဆောင်ရွက်

**ကြို့ပင်ကောက် ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ် အ·ထ·က(ဘုရင့်နောင်)ကျောင်းတွင် ပညာသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ရှုနိုင်မြှင့်တင်ရေး၊ လူငယ်ရေးရာအသိပညာပေး ဟောပြောခြင်းနှင့် နံရံကပ်စာစောင်များ ပြသခြင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေးက စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေး ဟောပြောခြင်း၊ မူးယစ်ဆေးဝါးအကြောင်း အသိပညာပေး ဟောပြောခြင်းတို့ကို ဆောင်ရွက်ပြီး ဒုတိယဦးစီးမှူး ဒေါ်တင်တင်ဝင်းက ပုံပြင်စာအုပ်များ၊ ရုပ်ပုံစာအုပ်များဖြင့် ပုံပြောခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်၊ ကလေးလုပ်သားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်တို့ကို ပြသခြင်းနှင့် စာအုပ်၊ စာစောင်များ ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဇေယျာထွန်း(ပြန်/ဆက်)**

# ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်

## နှစ်စက္ကန့်အတွင်း 700 km/h အထိ အရှိန်တင်မောင်းနိုင်သည့် သံလိုက်ရထား(Maglev)

တရုတ်နိုင်ငံ National University of Defence Technology (NUDT)က သုတေသီတွေဟာ သံလိုက်ရထား (Maglev) နည်းပညာလောကကို လှုပ်ခတ်သွားစေမယ့် ကမ္ဘာ့စံချိန်သစ်တစ်ခုကို တင်လိုက်နိုင်ပြီဖြစ်သည်။ ၁ ဒသမ ၁ တန် အလေးချိန်ရှိသည့် Superconducting Maglev ယာဉ်ကို နှစ်စက္ကန့်လေးအတွင်းမှာတင် အမြင့်ဆုံးအမြန်နှုန်း တစ်နာရီကီလိုမီတာ ၇၀၀ (၄၃၅ မိုင်)ရောက်အောင် မောင်းနှင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဒီစမ်းသပ်မှုကို မီတာ ၄၀၀ (၁၃၁၀ ပေ)ရှည်တဲ့ စမ်းသပ်လမ်းကြောင်းပေါ်မှာ ပြုလုပ်ခဲ့တာဖြစ်ပြီး လမ်းဆုံးမှာလည်း ဘေးကင်းလုံခြုံစွာနဲ့ ထိန်းချုပ်ရပ်တန့်နိုင်ခဲ့ပါသည်။

CCTV သတင်းဌာနက ထုတ်လွှင့်ပြသတဲ့ ရုပ်သံဖိုင်မှာ ကိုယ်ထည်ချည်းသက်သက် တပ်ဆင်ထားတဲ့ အဲ့ဒီယာဉ်ဟာ နောက်မှာ အငွေ့တန်းတွေ ထွက်လာပြီး မျက်စိရှေ့ကနေ ဝါးခနဲဖြတ်မောင်းသွားတာကို မြင်တွေ့ရပါသည်။ ဒါဟာ အရှိန်တင်တဲ့နေရာမှာရော၊ ဘရိတ်ဖမ်းတဲ့နေရာမှာပါ လျှပ်စစ်သံလိုက်စနစ်နဲ့ ဘယ်လောက်တောင် တိကျကောင်းမွန်စွာ ထိန်းချုပ်နိုင်တယ်ဆိုတာကို ပြသနေခြင်းဖြစ်ပါသည်။

အဆိုပါစမ်းသပ်မှုတွင် Superconducting Maglev ယာဉ်တွေရဲ့ အမြန်နှုန်းနဲ့ အရှိန်မြှင့်တင်နိုင်စွမ်းအတွက် စံချိန်သစ်တစ်ခုဖြစ်လာခဲ့ပြီး တရုတ်နိုင်ငံရဲ့ အနာဂတ်မြန်နှုန်းမြင့် သယ်ယူပို့ဆောင်ရေး၊ Hyperloop စီမံကိန်းတွေနဲ့ လေကြောင်းအာကာသ နည်းပညာတွေအတွက် အရှိန်အဟုန်ကောင်းတစ်ခု ဖြစ်လာမည်ဟု မျှော်လင့်ရပါသည်။

**ATK**






## ဗီယက်နမ်နယ်စပ်ဂိတ်တွင် လူတူစက်ရုပ်များကို ညှော်လမ်းညွှန်အဖြစ် အသုံးပြုမည်

ဗီယက်နမ် နယ်စပ်ဂိတ်မှာ လူတွေအစား လူတူစက်ရုပ် (Humanoids) တွေက ခရီးသွားတွေကို ကြိုဆိုလမ်းညွှန်ပေးမည့် မြင်ကွင်းကို မကြာခင် မြင်တွေ့ရတော့မည်ဖြစ်သည်။ တရုတ်ထိပ်တန်း စက်ရုပ်ကုမ္ပဏီ UBTech Robotics က Guangxi ပြည်နယ်၊ Fangchenggang မြို့မှာ စက်ရုပ်တွေ တာဝန်ချထားဖို့ ယွမ် ၂၆၄ သန်းတန် စာချုပ်ကြီး ချုပ်ဆိုလိုက်ခြင်း ဖြစ်သည်။

အဆိုပါစက်ရုပ်များသည် နယ်စပ်ဂိတ်ကို ရောက်လာသည့် ခရီးသည်များကို လမ်းညွှန်ခြင်း၊ လူစုလူဝေးကို ထိန်းသိမ်းခြင်း၊ လုံခြုံရေးကင်းလှည့်ခြင်းနှင့် ကုန်စည်ပို့ဆောင်ရေးအပိုင်းတွေမှာ လူတွေနဲ့တန်းတူ ဝင်ရောက်လုပ်ကိုင်သွားမည်ဖြစ်ပြီး သံမဏိ၊ ကြေးနီနှင့် အလူမီနီယမ်စက်ရုံတွေဘက်မှာလည်း ကုန်ပစ္စည်း အရည်အသွေးစစ်ဆေးသည့် တာဝန်များကိုပါ သူတို့က လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။

အဆိုပါ တာဝန်တွေကို ထမ်းဆောင်မည့် စက်ရုပ်ကတော့ Walker S2 မော်ဒယ်ပဲဖြစ်ပြီးခဲ့သည့် ဇူလိုင်လကမှ မိတ်ဆက်ခဲ့သော အဆိုပါစက်ရုပ်သည် လုပ်ငန်းခွင်သုံး (Industrial-grade) ဖြစ်ပြီး အားကုန်သွားလျှင် လူအကူအညီမလိုဘဲ ကိုယ့်ဘာသာ ဘက်ထရီ လဲလှယ်တပ်ဆင်နိုင်သည့် ကမ္ဘာ့ပထမဆုံး လူပုံစံတူစက်ရုပ်အဖြစ် နာမည်ကြီးလာသည်။

ဒီဇင်ဘာလကစပြီး အဆိုပါစက်ရုပ်များကို စတင်တာဝန်ပေးထားပြီး UB Tech အနေနှင့် ဒီနှစ်ကုန်တွင် စက်ရုပ် ၅၀၀ အထိ ပို့ဆောင်ရန် ရှိနေပြီး ၂၀၂၇ ခုနှစ်အရောက်တွင် စက်ရုပ် ၁၀,၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်သွားရန် ရည်မှန်းထားသည်။

**ATK**

## Video Call ပြောတိုင်း လူအစစ်ဟု ယူဆလို့မရသည့် AI နည်းပညာနှင့် လိမ်လည်မှုများသတိပြု

AI နည်းပညာတွေ ခေတ်စားလာပြီး လူတစ်ယောက်ရဲ့ ဉာဏ်ရည်ကို တုပနိုင်အောင် တီထွင်လာကြသည့်အခါ လူသားတို့အတွက် ကောင်းကျိုးတွေအပြင် ဆိုးကျိုးတွေလည်း ကြုံရနိုင်ပြီး Cyber crime တွေနဲ့ ရင်ဆိုင်ကြရပါသည်။

အခင်ဆုံးသူငယ်ချင်းဆီက Messenger Video Call ဝင်လာတယ်ဆိုပါစို့။ ဖုန်းကိုင်လိုက်တော့ သူ့ရုပ်ကို မြင်ရတယ်။ သူ့အသံကို ကြားရတယ်။ 'ငါအရေးပေါ် ငွေလိုနေလို့ တစ်သိန်းလောက် လွှဲပေးပါလား'လို့ ပြောလာမယ်။ ရုပ်ရော၊ အသံရော မြင်တော့ ယုံပြီး လွှဲလိုက်တယ်။ ခဏနေ ဖုန်းဆက်မေးကြည့်တော့မှ ' ငါ မင်းဆီကို ဖုန်းမဆက်ပါဘူး'ဆိုတဲ့ အဖြေရလိုက်ရင် ဘယ်လောက် ကြက်သီးထစရာ ကောင်းမလဲ? တွေးကြည့်နိုင်ပါသည်။

တကယ်တော့ ရုပ်ရှင်မဟုတ်ပါဘူး။ AI Deepfake နည်းပညာကို သုံးပြီး လိမ်လည်နေကြတဲ့ ဖြစ်ရပ်မှန်တွေပါ။ အခုခေတ် AI က လူတစ်ယောက်ရဲ့မျက်နှာနဲ့ အသံကို တူအောင်လုပ်ဖို့ ဓာတ်ပုံတစ်ပုံ၊ အသံဖိုင် ၁၀ စက္ကန့်လောက်ပဲ လိုပါတော့တယ်။ ဒါဆို ဘယ်လိုကာကွယ်ကြမလဲ။

၁။ မျက်လုံးကို သေချာကြည့်ပါ။ AI Deepfake တွေက မျက်တောင်ခတ်တာ နည်းတတ်တယ်။ ပြီးတော့ မျက်နှာဘေးအနားသတ် (Edges)တွေမှာ ဝါးတားတား ဖြစ်နေတတ်သည်။

၂။ မေးခွန်းခက်ခက် မေးပါ။ 'ငါတို့ မနှစ်က ခရီးသွားတုန်းက ဘယ်ဆိုင်မှာ ထမင်းစားခဲ့လဲ'ဆိုတာမျိုး သူများမသိနိုင်တဲ့ ကိုယ်ရေးကိုယ်တာ မေးခွန်းတွေ မေးလိုက်ပါ။ AI က ဒါမျိုးတော့ မဖြေနိုင်ပါဘူး။

၃။ 'မိသားစုလျှို့ဝှက်ကုဒ်' (Safe Word)ထားပါ။ (ဒါအရေးကြီးဆုံးပဲ) ကိုယ့်မိသားစုဝင်တွေ၊ ယုံကြည်ရတဲ့ သူငယ်ချင်းတွေနဲ့ တိုင်ပင်ထားပါ။ 'ငွေရေး၊ ကြေးရေးကိစ္စဆိုရင် ဒီစကားလုံး(ဥပမာ- 'ပန်းဒါ') လို့ပြောမှ ယုံမယ်'ဆိုပြီး သတ်မှတ်ထားလိုက်ပါ။

နည်းပညာတွေက မသမာသူတွေလက်ထဲ ရောက်သွားရင် အန္တရာယ်ရှိတယ်ဆိုတာ သတိပြုကြပါ။

**ATK**



# BBC သတင်းဌာနနှင့် ဂမ်ဘီယာရှေ့နေအဖွဲ့မှ ဦးဆောင်ရှေ့နေ Mr. Arsalan Suleman တို့၏ အင်တာဗျူးအား တုံ့ပြန်ချက်

**မင်းခန့်**



BBC သတင်းဌာနက ဂမ်ဘီယာ ဦးဆောင်ရှေ့နေ Mr. Arsalan Suleman နှင့် အင်တာဗျူး ပြုလုပ်နေစဉ်။

နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့မှာရှိတဲ့ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) မှာ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို Genocide Convention ဖောက်ဖျက်တယ်လို့ စွပ်စွဲပြီး တရားစွဲဆိုထားတာ ရှိပါတယ်။ ဒီအမှုဟာ အခုဆိုရင် အပြီးသတ်ကြားနာပွဲအဆင့်ကို ရောက်ရှိလာပြီဖြစ်ပါတယ်။ ဒီကာလအတွင်း ဇန်နဝါရီလ ၁၀ ရက်နေ့က BBC သတင်းဌာနဟာ ဂမ်ဘီယာဘက်က ဦးဆောင်ရှေ့နေ Mr. Arsalan Suleman နဲ့ အင်တာဗျူးတစ်ခုကို ပြုလုပ်ထုတ်လွှင့်ခဲ့ပါတယ်။ ဒီအင်တာဗျူးမှာ Mr. Suleman ပြောကြားခဲ့တဲ့ အချက်အလက်တွေကို အသေအချာဆန်းစစ်ကြည့်သောအခါ သူတို့ရဲ့ရည်ရွယ်ချက်အစစ်အမှန်၊ တရားစီရင်ရေးအပေါ် မီဒီယာလွှမ်းမိုးမှု ရယူလိုတာတွေနဲ့ အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်အချို့ကို တွေ့မြင်လာရပါတယ်။

Mr. Arsalan Suleman ရဲ့ အင်တာဗျူးကို နားထောင်ကြည့်မယ်ဆိုရင် အထူးခြားဆုံး သတိပြုမိတဲ့အချက်ကတော့ တရားမျှတမှု(Justice)နှင့် အခွင့်အရေး(Rights) ဆိုတာတွေထက် လျော်ကြေးငွေ (Compensation) နဲ့ ကုစားမှု(Remedies) ဆိုတဲ့ ကိစ္စရပ်တွေကိုပဲ ပိုမို ဦးစားပေး ပြောဆိုသွားတာ ဖြစ်ပါတယ်။ Mr. Suleman က ဒီအမှုရဲ့ နောက်ဆုံးအဆင့်မှာ တရားရုံးက မြန်မာနိုင်ငံကို Genocide ကျူးလွန်ကြောင်း ဆုံးဖြတ်မယ်ဆိုရင် နစ်နာသူတွေကို ဘယ်လိုကုစားဆောင်ရွက်ပေးရမယ်၊ လျော်ကြေးငွေ ဘယ်လောက်ပေးရမယ်ဆိုတဲ့ အမိန့်တွေ ချမှတ်နိုင်ဖို့ ရည်ရွယ်တယ်လို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

ဒါကိုကြည့်မယ်ဆိုရင် သူတို့ဟာ လူ့အခွင့်အရေးနဲ့ Genocide ခေါင်းစဉ်ကို ဗန်းပြနေပေမယ့်လည်း လက်တွေ့မှာတော့ ဘင်္ဂါလီတွေ မြန်မာနိုင်ငံမှာ အသိအမှတ်ပြုခံရရေးထက် မြန်မာနိုင်ငံထံမှ လျော်ကြေးငွေ ရယူလိုတဲ့ရည်ရွယ်ချက်က ပိုမိုထင်ရှားနေသယောင် ရှိနေပါတယ်။ ဥပဒေကြောင်းအရ အမှုမနိုင်သေးခင်၊ တရားရုံးက အပြီးသတ်စီရင်ချက်မချရသေးခင် အချိန်ကတည်းက လျော်ကြေးငွေကိစ္စကို ဖောင်းပေးပြောဆိုနေတာဟာ ဒီအမှုရဲ့ နောက်ကွယ်က သူတို့ရဲ့ စေတနာမှန်ကို မေးခွန်းထုတ်စရာ ဖြစ်စေပါတယ်။ ရှင်းရှင်းလင်းလင်း ပြောရရင် ဂမ်ဘီယာနိုင်ငံအနေနဲ့ 'အကျိုးလိုလို့ ညောင်ရေသွန်း' ဆိုသလို ငွေကြေးအကျိုးအမြတ် တစ်စုံတစ်ရာကို မျှော်ကိုးပြီး ဒီအကွက်ကို ဖန်တီးနေတာ ဖြစ်ပါတယ်။

တရားစီရင်ရေးလုပ်ငန်းစဉ်တွေမှာ အမှုသည်နှစ်ဖက်စလုံးဟာ တရားရုံးရဲ့ လုပ်ထုံးလုပ်နည်းတွေကို လေးစားလိုက်နာဖို့ရာ တာဝန်ရှိပါတယ်။ လက်ရှိတရားရင်ဆိုင်မှုဖြစ်စဉ် တစ်လျှောက်လုံးမှာဆိုရင် မြန်မာနိုင်ငံဘက်က ကိုယ်စားလှယ်တွေဟာ ဥပဒေဘောင်အတွင်းက တိတိကျကျ ဖြေရှင်းဆောင်ရွက်နေပြီး မီဒီယာကို အသုံးပြုဝါဒဖြန့်ချိတာမျိုး လုံးဝမရှိခဲ့ပါဘူး။ မြန်မာနိုင်ငံဟာ ICJ Statute ကို လေးစားလိုက်နာတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် လုပ်ငန်းစဉ်တွေကို တိတ်ဆိတ်စွာ၊ သိက္ခာရှိစွာ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါပေမယ့် ဂမ်ဘီယာနိုင်ငံဘက်မှ ရှေ့နေအဖွဲ့နဲ့ သူတို့ရဲ့နောက်ကွယ်က အထောက်အပံ့ပေးနေသူတွေဟာ နိုင်ငံတကာမီဒီယာတွေကို အလွန်အကျွံ အသုံးချနေတာ တွေ့ရပါတယ်။ အမှုကြားနာပွဲ မစတင်မီရက်ပိုင်းအလိုမှာ ပြုလုပ်ထားတဲ့ အခု BBC အင်တာဗျူးဟာလည်း တရားရုံးရဲ့ ဆုံးဖြတ်ချက်ကို မီဒီယာကတစ်ဆင့် သွယ်ဝိုက်လွှမ်းမိုးဖို့နဲ့ နိုင်ငံတကာအမြင်ကို ပုံဖော်ဖို့ ကြိုတင်ပြင်ဆင်ထားတဲ့ မီဒီယာလှုပ်ရှားမှုတစ်ခုသာ ဖြစ်ပါတယ်။ သူတို့ဟာ ဥပဒေကြောင်းအရ အားနည်းချက်တွေကို မီဒီယာအင်အားနဲ့ ဖုံးဖိဖို့ရန် ကြိုးစားနေတာသာ ဖြစ်ပါတယ်။

ဒီအမှု အခုအချိန်ထိ သက်ဆိုးရှည်နေတဲ့ အကြောင်းရင်းကတော့ ဂမ်ဘီယာနိုင်ငံရဲ့ စွဲချက်တွေ ခိုင်လုံသောကြောင့် မဟုတ်ဘဲ ICJ က တရားစီရင်ပိုင်ခွင့်ရှိတယ်လို့ ဆုံးဖြတ်ခဲ့တာကြောင့်သာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကနဦးကန့်ကွက်လွှာတွေကို တင်သွင်းခဲ့ရာမှာလည်း အရေးကြီးတဲ့ ဥပဒေကြောင်းဆိုင်ရာအချက်တွေကို ထောက်ပြခဲ့ဖူးပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံဘက်က တင်ပြခဲ့တာမှာ ဒီအမှုရဲ့ အမှန်တကယ် တရားလို (Real Applicant) မှာ ဂမ်ဘီယာနိုင်ငံ မဟုတ်ဘဲ OIC (အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့) သာ ဖြစ်ကြောင်းနဲ့ ICJ Statute အရ နိုင်ငံတွေ (States) သာလျှင် တရားစွဲဆိုခွင့်ရှိပြီး အဖွဲ့အစည်းတွေက တရားစွဲဆိုခွင့်မရှိကြောင်း ထောက်ပြခဲ့ဖူးပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံဟာ Genocide Convention ရဲ့ အပိုဒ် ၈ (Article VIII) ကို ခြွင်းချက် (Reservation) ပြုလုပ်ထားတဲ့အတွက် တရားရုံးသို့ တိုက်ရိုက်လွှဲပြောင်းတိုင်ကြားခွင့် မရှိကြောင်းကိုလည်း ခိုင်လုံစွာ တင်ပြခဲ့ပါတယ်။ ဒါပေမယ့် တရားရုံးက စီရင်ပိုင်ခွင့်ရှိတယ်လို့ ဆုံးဖြတ်ခဲ့တဲ့အတွက်ကြောင့်သာ ယခုလို ဆက်လက်တရားရင်ဆိုင်နေရတာ ဖြစ်ပါတယ်။ ဒီအချက်တွေကို ကြည့်မယ်ဆိုရင် ဂမ်ဘီယာရဲ့ မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်တွေဟာ မှန်ကန်တယ်လို့ဆိုလိုလို့ လုံးဝမရတာ အထင်အရှားပါ။

> ❝ဒါ့အပြင် တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေတဲ့ ဘင်္ဂါလီတွေကိုလည်း ပြန်လည်စိစစ်လက်ခံဖို့အတွက် မြန်မာနိုင်ငံက အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမယ့် သူတို့ ပြန်မလာတာကတော့ မြန်မာနိုင်ငံရဲ့ ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ Third Party အဖွဲ့အစည်းတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေ၊ ဟန့်တားမှုတွေနဲ့ သူတို့ကိုယ်တိုင်က ပြန်လာဖို့ရန် ဆန္ဒမရှိတဲ့အတွက် နိုင်ငံရေးအမြတ်ထုတ်လိုသူတွေနဲ့ ပေါင်းသင်းနေခြင်းကြောင့်သာ ဖြစ်ပါတယ်။❞

Mr. Suleman က သူတို့ရဲ့ အထောက်အထားတွေခိုင်လုံကြောင်း ပြောဆိုရာမှာ ကုလသမဂ္ဂ အချက်အလက် ရှာဖွေရေးမစ်ရှင် (FFM) တို့လို အဖွဲ့အစည်းတွေက အစီရင်ခံစာတွေကို အဓိကကိုးကားနေကြပါတယ်။ ဒါပေမယ့် ဒီအစီရင်ခံစာတွေဟာ မြေပြင်အခြေအနေမှန်ကို ထင်ဟပ်ခြင်းမရှိဘဲ တစ်ဖက်သတ် စွပ်စွဲချက်တွေသာ ဖြစ်ပါတယ်။ FFM ကဲ့သို့သော အစီရင်ခံစာတွေဟာ အများအားဖြင့် မြေပြင်ပကတိအခြေအနေမှန်နဲ့ ကွဲလွဲတဲ့ အချက်အလက်တွေ၊ အတည်မပြုနိုင်တဲ့ ကောလာဟလတွေအပေါ် အခြေခံထားပြီး မြန်မာနိုင်ငံဘက်က ခိုင်မာတဲ့အထောက်အထားတွေနဲ့ ပြန်လည်ချေပထားပြီး ဖြစ်ပါတယ်။

ဒါကြောင့် ဂမ်ဘီယာဘက်က ကိုးကားနေတယ်ဆိုတာဟာ နိုင်ငံရေးအရ ဘက်လိုက်မှုရှိပြီး ငွေကြေးအထောက်အပံ့ ရယူလှုပ်ရှားနေတဲ့ အဖွဲ့အစည်းတွေသာ ဖြစ်ကြပါတယ်။ သူတို့ရဲ့ အချက်အလက်တွေဟာ နိုင်ငံတကာ တရားရုံးတစ်ခုက ယုံကြည်လက်ခံနိုင်လောက်တဲ့ အဆင့်အတန်း ရှိ၊ မရှိ ဆိုတာဟာလည်း အလွန်သံသယဖြစ်ဖို့ ကောင်းလှပါတယ်။

အင်တာဗျူးမှာ ဂမ်ဘီယာဘက်က ဖုံးကွယ်ထားတဲ့ အဓိကအချက်တစ်ချက်က ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် ဖြစ်စဉ်တွေရဲ့ မူလဇာစ်မြစ် ဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေအရ မြန်မာနိုင်ငံက လူမျိုးတုံးသတ်ဖြတ်ရန် ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ခဲ့တာမျိုး လုံးဝမဟုတ်တာကို တွေ့ရမှာပါ။ အမှန်တကယ်က အဲဒီအချိန်က ရခိုင်ပြည်နယ်မှာရှိတဲ့ ရဲကင်းစခန်းပေါင်းများစွာကို ARSA အကြမ်းဖက်အဖွဲ့က တစ်ပြိုင်နက်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အချုပ်အခြာအာဏာနှင့် နယ်မြေလုံခြုံရေးအတွက် မဖြစ်မနေ တုံ့ပြန် ဆောင်ရွက်ခဲ့ရတဲ့ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)သာ ဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်နိုင်ငံမဆို မိမိရဲ့လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ဒေသခံတွေကို အကြမ်းဖက်သမားတွေက တိုက်ခိုက်လာရင် လက်ပိုက်ကြည့်နေမှာမဟုတ်ပါဘူး။ ဒါ့အပြင် အခုလက်ရှိအချိန်မှာလည်း မြန်မာအစိုးရဟာ အဲဒီဒေသမှာရှိတဲ့ ပြည်သူလူထု လုံခြုံဘေးကင်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ကို နှိမ်နင်းနေတာဟာ အဲဒီဒေသမှာရှိတဲ့ ရှုပ်ထွေးတဲ့ လုံခြုံရေးအခြေအနေကို မီးမောင်းထိုးပြနေတာဖြစ်ပါတယ်။ ARSA အကြမ်းဖက်အဖွဲ့ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ လုပ်ရပ်တွေနဲ့ပတ်သက်ပြီး ခိုင်လုံတဲ့ အထောက်အထားတွေလည်း ရှိပြီးဖြစ်ပါတယ်။

> ❝အင်တာဗျူးမှာ ဂမ်ဘီယာဘက်က ဖုံးကွယ်ထားတဲ့ အဓိကအချက်တစ်ချက်က ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် ဖြစ်စဉ်တွေရဲ့ မူလဇာစ်မြစ် ဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေအရ မြန်မာနိုင်ငံက လူမျိုးတုံးသတ်ဖြတ်ရန်ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ခဲ့တာမျိုး လုံးဝမဟုတ်တာကို တွေ့ရမှာပါ။ အမှန်တကယ်က အဲဒီအချိန်က ရခိုင်ပြည်နယ်မှာရှိတဲ့ ရဲကင်းစခန်းပေါင်းများစွာကို ARSA အကြမ်းဖက်အဖွဲ့က တစ်ပြိုင်နက်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အချုပ်အခြာအာဏာနှင့် နယ်မြေလုံခြုံရေးအတွက် မဖြစ်မနေ တုံ့ပြန်ဆောင်ရွက်ခဲ့ရတဲ့ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)သာ ဖြစ်ပါတယ်။❞

ဂမ်ဘီယာနိုင်ငံဘက်မှ တင်သွင်းမယ့်သက်သေတွေမှာ ဘက်ပြောင်းလာတဲ့ စစ်သားတွေရဲ့ ထွက်ဆိုချက်တွေ ပါဝင်မယ်လို့ သတင်းတွေကြားနေရပါတယ်။ ဒါပေမယ့် ဒီပုဂ္ဂိုလ်တွေဟာ မြန်မာ့တပ်မတော်မှ စည်းကမ်း၊ ကျင့်ဝတ်တွေကို ဖောက်ဖျက်ပြီး ထွက်ပြေးသွားကြတဲ့ 'စစ်ပြေး' တွေသာ ဖြစ်ပါတယ်။ ဒီလို ရာဇဝတ်မှုကျူးလွန်ထားသူတွေ၊ တာဝန်မှ ရှောင်လွှဲ ထွက်ပြေးလိုသူတွေရဲ့ ထွက်ဆိုချက်တွေကို အမှန်တရားအဖြစ် ယူဆလို့ရနိုင်ပါမလား မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ သူတို့အနေနဲ့ အကျိုးစီးပွားတစ်စုံတစ်ရာအတွက် လုပ်ကြံဖန်တီး ထွက်ဆိုခြင်းတွေ ပြုလုပ်နိုင်ခြေ အလွန်များပါတယ်။ ဒါကြောင့် သူတို့ရဲ့ ထွက်ဆိုချက်တွေဟာ ဥပဒေကြောင်းအရ ခိုင်လုံမှု မရှိနိုင်ပါဘူး။

ဂမ်ဘီယာနိုင်ငံအနေနဲ့ တိုင်းရင်းသား မဟုတ်တဲ့ ဘင်္ဂါလီလူမျိုးတွေကို နိုင်ငံရေးခုတုံးလုပ်၍ ဗန်းပြနေခြင်းသာ ဖြစ်ပါတယ်။ သူတို့ရဲ့ လုပ်ရပ်ဟာ ဥပဒေကြောင်းအရ ခိုင်လုံမှုမရှိတဲ့ နိုင်ငံရေး ရည်ရွယ်ချက်တွေနဲ့ မြန်မာနိုင်ငံကို ဖိအားပေးဖို့ ကြိုးပမ်းနေတာ ဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံဘက်ကတော့ ဥပဒေကြောင်းအရ ခိုင်မာစွာဖြေရှင်းသွားမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၅ သို့ ○

## မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်

**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ် ကန်တော့ခံ ဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့်ကိစ္စများ ထောက်ပံ့လျက်ရှိသည်။



ဘာသာရပ် အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့လျက်ရှိရာ ဇန်နဝါရီ ၁၁ ရက်က မန္တလာဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော ကန်တော့ခံဆရာကြီး ဦးအောင်မောင်း(သတ္တဗေဒ)ထံ ကျန်းမာရေး စောင့်ရှောက်မှုကန်တော့ငွေကျပ် ငါးသိန်းအား ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးပိုမြင့်နှင့် တာဝန်ရှိသူများက ဆေးရုံသို့ သွားရောက်ပေးအပ်၍ ကျန်းမာရေး မေးမြန်းအားပေး စကားများ ပြောကြားခဲ့သည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်ရက်မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၁ရက်အထိ နာမကျန်းသောကန်တော့ခံ ဆရာ၊ ဆရာမကြီး ၃၆၉ ဦးအား ငွေကျပ် ၇၂၀ သိန်းကို လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (ဝ၄၅)**

## ပြည်သူ့စာကြည့်တိုက်တွင် အသိပညာပေး မြေစိုက်နံရံကပ်စာစောင် ပြသ

**တောင်တွင်းကြီး ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သိကောင်းစရာအကြောင်းနှင့် အသိပညာပေး ကွင်းဆင်းဆောင်ရွက်ထားရှိမှုမှတ်တမ်းများ ပါဝင်သည့် အသိပညာပေး မြေစိုက်နံရံကပ်စာစောင်အား ယနေ့ နံနက်ပိုင်းမှစတင်၍ ပြသထားသည်။

အဆိုပါ အသိပညာပေး မြေစိုက်နံရံကပ်ဘုတ်တွင် မီးဘေးအတွက် ကြိုတင်ပြင်ဆင်ရန်များ (မီးသတ်ဦးစီးဌာန၏ စံနှုန်းနှင့်ကိုက်ညီသော မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များ၊ မီးသတ်ဆေးဘူးများ အသင့်ထားရှိရန်)၊ ရှောင်ရှားသင့်သည့်အချက်များ (မီးလောင်လွယ်သည့်ပစ္စည်းများ အိမ်တွင်းနှင့် အနီးတစ်ဝိုက်တွင် သိုလှောင်ခြင်း၊ ကလေးငယ်များ၊ စိတ်ကျန်းမာရေး ချို့ယွင်းသူများ၊ အိုမင်းမစွမ်းသူများကို မီးခြစ်၊ ဖယောင်းတိုင်ကဲ့သို့ မီးလောင်မှုဖြစ်ပေါ်စေသည့်ပစ္စည်းများ အသုံးမပြုစေရေး၊ မီးလောင်နေစဉ်တွင် ဝင်လမ်း၊ ထွက်လမ်းပိတ်ဆို့ခြင်း၊ လူစုခြင်း၊ အထပ်မြင့်တိုက်များပေါ်မှ ခုန်ချခြင်းမပြုလုပ်စေရေး)၊ မီးလောင်နေစဉ်တွင် လိုက်နာရန်အချက်များ၊ မီးလောင်မှုဖြစ်ပွားသည့်ပုံစံနှင့် မီးငြိမ်းသတ်ရန်နည်းလမ်းများ စသည်တို့ ပါဝင်ပြီး (၁၂/၂၀၂၅)လအတွင်း ရုံးတွင်း၊ ကွင်းဆင်းအသိပညာပေး လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများ စသည့် အသိပညာပေး အကြောင်းအရာများပါရှိသည့် မြေစိုက်နံရံကပ် စာစောင်အား ဒေသနေပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား ကြည့်ရှုလေ့လာမှတ်သားနိုင်စေရန် ပြသထားသည်။

တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် နေ့ထူးနေ့မြတ်များနှင့် လစဉ် အခါအားလျော်စွာ အသိပညာပေး နံရံကပ်စာစောင်များကို ပြသဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(ဗိဿနိုးမြေ)**





## ရေနံချောင်းမြို့နယ်၊ ရုံးဆိပ်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**ရေနံချောင်း ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆားတိုင်ကျေးရွာအုပ်စု၊ ရုံးဆိပ်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်က ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၆၂ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရုံးဆိပ်မြောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၂၅၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၈၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂၃ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၆၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**နော်လူး**

## ရွှေမန်းမြို့တော်. . .ဆီသို့

\- - - - - - - - - - - - - -

* အသက်လေးရယ်တဲ့ ရှည်စေလို
မန်းတောင်ရိပ်ကိုခို
စာချိုးရယ် တယ်ချိုလား
မန်းမြို့ရယ် ရေးမှုကြွား။

* မှိုင်းညို့တဲ့ တောင်ရိပ်
စိမ်းစိုတဲ့ တောတန်း
ကွေ့ကောက်တဲ့ တက်ဆင်းလမ်းတွေနဲ့
ဘေးမရှိပါ ချမ်းအေးရာ
မန်းမြို့မဟာရဲ့ မန္တလေးတောင်တော်။

* အဝေးက ရေတံခွန်တောင်
ရန်ကင်းတောင် ဝိုင်းပတ်ခြံလို့
မြင့်မားတဲ့ ရှမ်းတောင်တန်းတွေက
ရေဝယ်နယ် ပတ်ကာလွှမ်းတယ်
မခန်းပါ စိမ်းမြရေကြည်ကြည်က
ဆည်တော်ကြီးဆီ လှမ်းခဲ့ကြရဲ့။

* ဘုရားကြီးနဲ့ ဈေးချိုတော်
မန္တလေးရောက်ရင်နော်
ပျော်ပျော်လေ ထိုးမုန့်စားမယ်
လမုန့်က အကြွားပို
ညှော်ကြိုတာ ချိုပါဘိနော့ ။

* တောင်တန်းတွေ ဝန်းပတ်ရံ
ခြံရံပါ အင်းတွေစုံလို့
တောင်သမန်ပြင် ရေလှိုင်းထမှာ
လှေအလုစီးကာ လည်မယ်
မန်းမြို့ဝယ် သွားစရာစုံပေါ့။

* မန်းမြေကြော ဆက်ကာတွယ်
တောင်မြို့နယ် ရွှေချည်ထိုးက
ကျော်ဟိုးလို့ ကမ္ဘာသိ
တန်ဖိုးရှိ ရက်ကန်းစုံ
အပြန်ကြုံ ကျောက်ဆစ်တန်းမှာ
လေ့လာစရာ စုံပါပေါ့ ။

* ရောမြစ်ကမ်းနဖူး
မင်းကွန်းတစ်ဖက်ကမ်း
လှမ်းမဝေးပါ သွားစရာစုံပေါ့
အေးချမ်းဖွယ် အဖုံဖုံနဲ့
ချိန်ကုန်လည်း မပန်းပါတယ်
ကျုံးဘေးဝယ် နားနေစခန်းကို
မှန်းပိုပါ လှမ်းခဲ့လေတော့
ရွှေမန်းနော် မန်းမြို့တော်ဆီ. . .ကို ။ ။

**ရေချမ်း–မန်း**

○ စာမျက်နှာ ၁၄ မှ

အင်တာဗျူးမှာ ဂမ်ဘီယာနိုင်ငံဘက်က မြန်မာနိုင်ငံဟာ ICJ ရဲ့ ကြားဖြတ်ညွှန်ကြားချက်တွေကို မလိုက်နာသယောင် စွပ်စွဲပြောဆိုမှုတွေ ရှိပေမယ့်လည်း လက်တွေ့မှာ မြန်မာနိုင်ငံဟာ တရားရုံးရဲ့ ညွှန်ကြားချက်တွေကို အတိအလင်းလိုက်နာလျက်ရှိပါတယ်။ မြန်မာနိုင်ငံသည် တရားရုံးသို့ (၆)လ တစ်ကြိမ် ပုံမှန်အစီရင်ခံစာတွေ တင်သွင်းလျက်ရှိပါတယ်။

ဒ့ါအပြင် တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေတဲ့ ဘင်္ဂါလီများကိုလည်း ပြန်လည်စိစစ်လက်ခံဖို့အတွက် မြန်မာနိုင်ငံက အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမဲ့ သူတို့ပြန်မလာတာကတော့ မြန်မာနိုင်ငံရဲ့ ပျက်ကွက်မှုကြောင့် မဟုတ်ဘဲ Third Party အဖွဲ့အစည်းတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေ၊ ဟန့်တားမှုတွေနဲ့ သူတို့ကိုယ်တိုင်က ပြန်လာဖို့ရန် ဆန္ဒမရှိတဲ့အတွက် နိုင်ငံရေးအမြတ်ထုတ်လိုသူတွေနဲ့ ပေါင်းသင်းနေခြင်းကြောင့်သာ ဖြစ်ပါတယ်။

ဒီ ICJ အမှုဟာ မြန်မာနိုင်ငံအတွက် ရိုးရိုးအမှုခင်းတစ်ခုမဟုတ်ဘဲ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာနဲ့ အမျိုးသားအကျိုးစီးပွားတို့နဲ့ သက်ဆိုင်တဲ့ နိုင်ငံ့အရေး ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မကျူးလွန်ခဲ့တဲ့ ပြစ်မှုတစ်ခုအတွက် နိုင်ငံတကာရဲ့ အထင်အမြင်လွဲမှားခံရမှုတွေ၊ မတရားစွပ်စွဲခံရမှုတွေကို ဥပဒေနည်းလမ်းကျကျ ရင်ဆိုင်ဖြေရှင်းနေရတာ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ အခုလိုအရေးကြီးတဲ့ အချိန်ကာလမှာ သွားရောက်တရားရင်ဆိုင်နေကြတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ နောက်ကွယ်မှ တစ်မျိုးသားလုံးအနေနဲ့ တစ်သားတည်း ရပ်တည်ပေးကြဖို့ လိုအပ်ပါတယ်။ အမှန်တရားသည် တစ်နေ့တွင် ပေါ်ပေါက်လာမည်ဖြစ်ပြီး ဂမ်ဘီယာနဲ့ သူ့နောက်ကွယ်က အဖွဲ့အစည်းတွေရဲ့ နိုင်ငံရေး ဇာတ်ညွှန်းတွေဟာလည်း ဥပဒေရဲ့ ရှေ့မှောက်မှာ ပျက်ပြယ်သွားမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ပြည်တွင်း၊ ပြည်ပမှ သွေးထိုးမှုတွေ၊ မီဒီယာဝါဒဖြန့်မှုတွေကို သတိပြုပြီး ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့ရဲ့ ကိုယ်စားလှယ်များဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်ပေးကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

- ❖ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစားရေရိက္ခာဖူလုံပြီး ကျန်းမာပျော်ရွှင်ရေးနှင့် သဘာဝဘေးအန္တရာယ်တချို့မှ ကာကွယ်နိုင်ရန်အတွက် သစ်ပင်သစ်တောများ၏ အခန်းကဏ္ဍသည် အဓိကကျ...
- ❖ Green City, Clean City,Smart City နှင့် Green Village များ ဖြစ်စေရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အစိတ်အပိုင်းများဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇန်နဝါရီ ၁၂**

ပြည်သူများအား နှိပ်စက်ညှဉ်းပန်း၍ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ချုပ်ခြိမ်းကျစေသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သော မန္တလေးတိုင်းဒေသကြီး မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်းဒေသတစ်ဝိုက်ရှိ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်၍ အောင်ပွဲအလီလီ ရယူနိုင်ခဲ့သော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး

စာမျက်နှာ ၅ သို့ ❖





မိုင်းရယ်မြို့ အနောက်တောင်ဘက် ၂၀ ကီလိုမီတာခန့်အကွာ ဒုတိယနေရာတွင် တွေ့ရှိရသည့် ထုပ်ပိုးခွံများ။



ယခင် ဖမ်းဆီးရမိခဲ့သည့် တရုတ်စာတန်းပါ အိုက်စ် ထုပ်ပိုးခွံများ။

## သီပေါမြို့နယ်နှင့် မိုင်းရယ်မြို့နယ်အတွင်း မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများ သိမ်းဆည်းရမိမှုနောက်ဆက်တွဲသတင်း

နေပြည်တော် ဇန်နဝါရီ ၁၂

၂၀၂၆ ခုနှစ် ဇန်နဝါရီ (၉၊ ၁၀၊ ၁၁) ရက်များတွင် သီပေါမြို့နယ်နှင့် မိုင်းရယ်မြို့နယ်များအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းကိရိယာများကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်သည်။

စာမျက်နှာ ၁၀ သို့ ◆

## ရခိုင်ယူနိုက်တက်အသင်းကို ဂိုးမိုးရွာပြီး ရမှတ်ပြည့် ရယူခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်း

ရန်ကုန်ယူနိုက်တက်အသင်းသည် ယနေ့ညနေက ၂၀၂၅-၂၀၂၆ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ (week-12) ပွဲစဉ်အဖြစ် ရခိုင်ယူနိုက်တက်အသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ပြီး ၇ ဂိုး၊ ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အစောပိုင်း မိနစ်များတွင် ရန်ကုန်အသင်း ဦးဆောင်ဂိုးရရှိရန် တစ်ဖက်အသင်းကို ဖိအားပေးကစားခဲ့သော်လည်း အဆုံးသတ်ပိုင်းတွင် အနည်းငယ်လိုအပ်ချက်ရှိသောကြောင့် ဂိုးမရရှိခဲ့ပေ။ ပွဲချိန် ၁၈ မိနစ်တွင် အိုတိုဆိုင်တို ဂိုးဧရိယာအတွင်း ဘောလုံးဆွဲပြေးလာရာမှ တစ်ဖက်နောက်တန်းဖျက်ထုတ်ပုံ ကြမ်းတမ်းသောကြောင့် ရန်ကုန်အသင်း ပင်နယ်တီရရှိခဲ့သည်။ ထိုပင်နယ်တီကို ပွဲချိန် ၁၉ မိနစ်တွင် မောင်မောင်လွင်က ကန်သွင်းယူခဲ့ပြီး ရန်ကုန်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ဒုတိယဦးဆောင်ဂိုးကို ရင်တာရိုဟားမားက သွင်းယူပေးခဲ့ပြီး ပထမပိုင်းတွင် ၂-၀ နှင့် ရခိုင်ယူနိုက်တက်အသင်းကို ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းတွင် ရခိုင်ယူနိုက်တက်အသင်း ချေပဂိုးပြန်လည်ရရှိခဲ့ပြီး မူစတာဖာက သွင်းယူပေးခဲ့သည်။ ရန်ကုန်အသင်းအတွက် တတိယဂိုးကို ပွဲချိန် ၅၂ မိနစ်တွင် ရရှိခဲ့ပြီး မောင်မောင်လွင် မတင်ပေးသည့်ဘောလုံးကို မိုဂူးခေါင်းတိုက်ရာမှ ပြန်လျှံထွက်လာသည့် ဘောလုံးကို ရင်တာရိုဟားမားက အနီးကပ်ပိတ်သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်း ဆက်တိုက်ဂိုးများသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၇၂ မိနစ်တွင် ဥက္ကာနိုင်၊ ၇၈ မိနစ်တွင် ဘလာမိုဝီး၊ ၈၁ မိနစ်တွင် ကောင်းစည်သူနှင့် မိနစ် ၉၀ အပြီး အချိန်ပို ၂ မိနစ်တွင် မောင်မောင်လွင်တို့က သွင်းယူခဲ့ကြပြီး ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို ၇ ဂိုး၊ ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(NGB)**



**ယနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင် ကြော်ငြာအထူးကဏ္ဍအချပ်ပို(၄)မျက်နှာပါရှိသည်။**

